ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ အင်္ဂါနေ့ *(6-5-2014)* (၇၇၃၂)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၆

၂၀၁၄ ခုနှစ် မေ ၆ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အစ္စရေးနိုင်ငံ သမ္မတ မစ္စတာ ရှီမွန် ပဲရက်စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မြစ်ကြီးနား
သုည ဒသမ ၉၄ လက်မ
ကော့သောင်း
သုည ဒသမ ၆၃ လက်မ
မိုင်းဆတ်
သုည ဒသမ ၅၅ လက်မ
ခန္တီး
သုည ဒသမ ၃၂ လက်မ

ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန် အားစိုက်ဆောင်ရွက်

နေပြည်တော် မေ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြကာ လားရှိုးမြို့သို့ ရောက်ရှိကြပြီး လားရှိုးမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမူန်၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဖြူဖြူညွန့်နှင့် အလှူရှင် Excellence Medicare & pharmaceutical Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအေးအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယခု အစီအစဉ်သည် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ သွားရောဂါဝေဒနာ အမျိုးမျိုးခံစားနေကြရသည့် ဝေဒနာရှင်များအတွက် အခမဲ့ အထူးစမ်းသပ်ခွဲစိတ်ကုသမှုပေးနိုင်စေရန် စီစဉ်ထားခြင်းဖြစ်ပါကြောင်း၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာသည် မွေးရာပါဖြစ်သည်နှင့်အညီ မွေးဖွားလာကတည်းကပင် ကျန်းမာရေးမှာရော လူမှုရေးမှာပါ သောကအမျိုးမျိုး၊ ဒုက္ခအဖုံဖုံပေးလာသည့် ဝေဒနာဖြစ်ပါကြောင်း။

ထို့အပြင် လူ့ခန္ဓာကိုယ်အတွက် အထူးလိုအပ်လှသည့် စားရေးသောက်ရေးများတွင် လူတကာလို လွယ်လွယ်ကူကူ မစားနိုင်မသောက်နိုင်သည့် ဒုက္ခများလည်းကြီးမားလှပါကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကွမ်းလုံမြို့နယ် သံလွင်ဦးခန်းမ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကသပေါင်းငါးဖမ်းဆီးရမိမှု နည်းပါးသော်လည်း ဈေးကောင်းရသဖြင့် တွက်ခြေကိုက်

ရွှေဒုံသား

ပင်လယ်ရေလုပ်ငန်းများမှာ ပင်လယ်ငါးများကို ဆယ့်နှစ်ရာသီပတ်လုံး ဖမ်းဆီးနေကြသော်လည်း အချို့သော ပင်လယ်ငါးများမှာ သူ့ရာသီရောက်ရှိမှသာ အများအပြားဖမ်းဆီးရမိလေ့ရှိကြသည်။ အထူးသဖြင့် ငါးသလောက်၊ ကသပေါင်း၊ ငါးမုတ်၊ ငါးရှည်၊ ငါးတန်စသည့် ငါးများမှာ သူ့ရာသီချိန်သို့ရောက်ရှိလာမှသာ အများအပြားဖမ်းဆီးရမိပြီး ရာသီချိန်မဟုတ်လျှင်အနည်းငယ်မျှသာ ဖမ်းဆီးရမိလေ့ရှိသည်။ ယခုအခါမြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသပင်လယ်ပြင်တွင် ကသပေါင်းငါးများဖမ်းဆီးရမိချိန်ဖြစ်သည်။ ယခုနှစ်ရေလုပ်ငန်းရာသီတွင် ကသပေါင်း ငါးရာသီသို့ ရောက်ရှိလာပြီဖြစ်သော်လည်း ပင်လယ်ရေလုပ်ငန်းများ အနေဖြင့် ကသပေါင်းငါးများကို အသင့်အတင့်သာ ဖမ်းဆီးရမိနေသေးသည်။ ကသပေါင်းငါးများကို အသင့်အတင့်သာ ဖမ်းဆီးရမိနေသော်လည်း ဈေးနှုန်းမှာ ယခင်နှစ်ကထက် သိသာစွာမြင့်တက်နေသဖြင့် ပင်လယ်ရေလုပ်ငန်းများအနေဖြင့် တွက်ခြေကိုက်မှုရှိနေကြောင်း ဘိုကလေးမြို့နယ် ပင်လယ်ကမ်းခြေဒေသရှိ ကဒုံကနီရွာနေ စန္ဒားလုပ်ငန်းပိုင်ရှင် ဦးအောင်ဝေလင်းထံမှသိရသည်။

ကသပေါင်းငါးသည် ပြည်ပဈေးကွက်ဝင် ပင်လယ်ငါးများဖြစ်သည်။ ကသပေါင်းရာသီမှာ ပြာသို၊ တပို့တွဲလမှကဆုန်၊ နယုန်လများအထိ ဖြစ်သည်။ လက်ရှိကမ်းခြေပင်ရင်းဈေးကွက်များတွင် ကသပေါင်း **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❐

ကြေးမုံစာတည်းရှုထောင့် **၆-၅-၂၀၁၄၊ အင်္ဂါနေ့**

ဒီရေတောများ

မြန်မာနိုင်ငံသည် ကမ္ဘာ့ဒီရေတောတည်ရှိသည့်နိုင်ငံများတွင် သတ္တမမြောက်ဧရိယာအကျယ်ဆုံးနိုင်ငံဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တိုင်းတာချက်အရ မိမိတို့နိုင်ငံ၏ဒီရေတော ဖုံးလွှမ်းဧရိယာမှာ တစ်သန်းနှစ်သိန်းခန့်ရှိသည်။ ဒီရေတောများရှင်သန်ပေါက်ရောက်မှုသည် ရာခိုင်နှုန်းအားဖြင့်ဧရာဝတီတိုင်းဒေသကြီးတွင် ၄၆ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၃၇ ရာခိုင်နှုန်းနှင့်ရခိုင်ပြည်နယ်ကမ်းရိုးတန်းဒေသများတွင် ၁၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သစ်တောသစ်ပင်များ၏ သဘာဝဗွေဆော်ဦးအစ သူ့အလိုအလျောက်ရှင်သန်ပေါက်ရောက်ကြစမြဲဖြစ်သည်။ လူတို့က ကောင်းနိုးရာရာ ရွေးယူမျိုးပွားစိုက်ပျိုးလာကြ၍သာ သီးသန့်တောများဖြစ်လာခဲ့ခြင်းသာ။

ဒီရေတောများသည်လည်း ရေငန်ဝင်ထွက်မြဲ ကမ်းရိုးတန်းဒေသများတွင် သူ့သဘောသူဆောင် အောင်မြင်ဖြစ်ထွန်းနေကြသည်။ လတ်တလောနမူနာအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ သုံးခွမြို့နယ်များအတွင်း ကမ်းတက်မြေများတွင် သဘာဝအလျောက်ပေါက်ရောက် အောင်မြင်ဖြစ်ထွန်းနေသော ၁၀ နှစ်သား ဒီရေတောများ စနစ်တကျ ထိန်းသိမ်းထားနိုင်ရန်အတွက် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်လျက်ရှိနေသည်။ ကြိုးပြင်ကာကွယ်တောဧရိယာဧကေ ၃၀၀၀ ဖွဲ့စည်းဆောင်ရွက်လျက်ရှိနေသည်။ သစ်တောဦးစီးဌာနမှဝန်ထမ်းများ ကိုယ်တိုင်ကွင်းဆင်းပြီး အနီးဝန်းကျင်နေဒေသခံရွာသားများအား ဒီရေတော၏ တန်ဖိုး၊ ဒီရေတော၏ အကျိုးကျေးဇူးကြီးမားပုံများကို ပညာပေးဟောပြောကာ ဒီရေတောထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ဒေသခံများ၏ "အား"ကိုရယူနိုင်ဖို့ကြိုးစားနေကြရသည်။

အာရှ-ပစိဖိတ်ဒေသကြီးတွင် အင်ဒိုနီးရှား၊ မလေးရှားပြီးလျှင် မြန်မာနိုင်ငံသည် တတိယမြောက်သစ်တောပြုန်းတီးမှု အများဆုံးနိုင်ငံဖြစ်သည်။ အကျိုးဆက်မှာ ရာသီဥတုအဆိုးရွားဆုံး (၁၀)နိုင်ငံတွင် မြန်မာနိုင်ငံသည် ဒုတိယမြောက် သဘာဝဘေးအန္တရာယ်အခံရဆုံးနိုင်ငံဖြစ်နေသည်။ မြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောဆုံးရှုံးမှုအကျိုးဆက်ကို နာဂစ်ဒဏ်ခံ ဧရာဝတီသားများ အသိဆုံးပင်ဖြစ်သည်။

ထို့ကြောင့်လည်း နိုင်ငံတော်နှင့်နိုင်ငံတကာအဖွဲ့အစည်းများပူးပေါင်းကာ ဒေသခံတာဝန်သိပြည်သူများပါဝင်ပြီး သစ်တောများကိုပြုစုပျိုးထောင်ပွားစီးလာအောင်ကြိုးစားလာကြရသည်။ ယင်းတို့အနက်ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများ ပြန်လည်ထူထောင်ရေးစီမံကိန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency-JICA) နှင့်ပူးပေါင်း၍ ဒေသခံများ၏ အားကိုရယူကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဆောင်ရွက်သွားမည်ဟု သိရသည်။ ထိုသို့ သဘာဝဘေးအန္တရာယ်ကာကွယ်ဒီရေတောများတွင် "တစ်ချက်ခုတ် နှစ်ချက်ပြတ်" လမုပင်များများစိုက်ပျိုးပေးနိုင်ပါက မျက်မှောက်ကာလ ကာဗွန်လွှန်ကဲမှုတွင် ထိရောက်သော ကာကွယ်မှုကို ပေးစွမ်းနိုင်ပါလိမ့်မည်။ လမုပင်များသည် အမြဲစိမ်းသစ်တောများထက် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို ငါးဆပို၍လျှော့ချနိုင်ကြောင်း သိရသည်။

ဒီရေတောများသည် ကမ်းရိုးတန်းနေပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို လေမုန်တိုင်းများ၊ ဒီရေများအန္တရာယ်မှ ကာကွယ်ပေးထားသည်။ ဒီရေတောများသည် ကမ်းရိုးတန်းနေပြည်သူများအတွက် ထင်း၊ မီးသွေး၊ တိုင်၊ မျောနှင့် ဆေးဖက်ဝင်အပင်များ၊ အခြားသစ်တောထွက်ပစ္စည်းများကို ပေးစွမ်းနိုင်သည်။

ဒီရေတောများသည် စိုက်ပျိုးမြေများသို့ ပင်လယ်ဆားငန်ရေမဝင်ရောက်နိုင်အောင် ကာကွယ်ပေးထားသည်။ ဒီရေတောများကိုမှီပြီး ငါး၊ ပုစွန်၊ ကဏန်း စသည်ဖြင့် ရေနေသတ္တဝါမျိုးစုံပေါက်ပွားရှင်သန် သိုက်မြုံဖွဲ့လျက်ရှိနေရာ ဒေသခံများအတွက် အစားအစာအာဟာရများကို ပွားများစေပါသည်။ ရာသီဥတုကိုလည်း မျှတစေသည်။ ဒီရေတောများသည် ဒေသခံများအတွက် စားရေး၊ နေရေးအပြင် အသက်အန္တရာယ်ထိ ကာကွယ်ပေးထားသည့် နေရာဌာနများဖြစ်ရာ အသက်သခင်ကျေးဇူးရှင်ဟုဆိုပါက မှားအံ့မထင်ပါ။

ထုတ်ယူသုံးစွဲမှုအပိုင်းတွင်သာ စနစ်တကျနှင့်ရှိနေဖို့ လိုအပ်ပါသည်။ ထိုသို့မဟုတ်မူဘဲ စည်းမဲ့ကမ်းမဲ့ပရမ်းပတာဖြစ်လာပြီဆိုပါလျှင် ဒီရေတောပြုန်းတီးလာမှုအကျိုးဆက်ကို ခံလာကြရမည်မှာ ဒေသခံများသာဖြစ်ပါသည်။ ၂၀၀၈ နာဂစ်ဖြစ်စဉ်သည် ပူပူနွေးနွေးပဲရှိပါသေးသည်။

စည်းနှင့်ကမ်းနှင့် ထုတ်ယူသုံးစွဲ၊ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းပေးသွားနိုင်ကြပါစေ။ သို့ဆိုလျှင် ဒီရေတောများက ကျေးဇူးတုံ့ပြန်လာပါလိမ့်မည်။ ။

ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကျင်းပရေး လုပ်ငန်းကော်မတီစည်းဝေး

ရန်ကုန် မေ ၅

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကျင်းပရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)၌ ကျင်းပရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးစိုးဝင်း**(အပေါ်ပုံ)**က မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် သံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ယခုအစည်းအဝေးသည် နောက်ဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် မိမိတို့ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းတို့က လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြပြီး တက်ရောက်လာသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်စကားပြောကြားသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၅

ရန်ကုန်	ရွှေဈေး	၆၆၄၃၀၀	-	၆၆၅၃၀၀
မန္တလေး	ရွှေဈေး	၆၆၄၃၀၀	-	၆၆၅၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၃၄. ၄
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၃. ၆၉
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၇၂၈
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၄. ၉၁
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၉၈၄
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၂. ၀၈
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၁၈၇
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၂. ၈၁
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၉. ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

စိတ်ရောကိုယ်ပါ အားငယ်အားလျော့နေစေတတ်သည့် အခြေအနေ၊ လူ့လောကကို ရင်မဆိုင်လိုစိတ်၊ လူ့အသိုင်းအဝိုင်းကို ကျောခိုင်းလိုစိတ်မျိုးအထိ ဖြစ်ပေါ်စေပါကြောင်း။

ထို့အတူပင် သွားရောဂါဝေဒနာရှင်များသည်လည်း ရောဂါကြောင့်မစား၊ မသောက်နိုင်သည့်ဒုက္ခ၊ ထိုထိုသောဒုက္ခများနှင့်အတူ ပါးရောင်နားရောင်သည်အထိ ဒုက္ခတစ်ပုံတစ်ပင်ပေးတတ်သည့် ရောဂါဝေဒနာဖြစ်ပါကြောင်း၊ ထို့ကြောင့် ထိုသို့ စိတ်ရောကိုယ်ပါ ဒုက္ခပေးသည့်ရောဂါဝေဒနာများကို စမ်းသပ်ကုသမှုပေးကြမည့် အထူးကုဆရာဝန်၊ ဆရာမများအဖွဲ့အားလည်းကောင်း၊ ကုသမှုဆိုင်ရာ ကုန်ကျစရိတ်အဝဝကိုကျခံပေးသည့် စေတနာရှင် မိသားစုအားလည်းကောင်း၊ စမ်းသပ်ခွဲစိတ်ကုသမှုကိစ္စအားလုံး အောင်မြင်စေရန် ကူညီဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာ လူပုဂ္ဂိုလ်အားလုံးအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ခွဲစိတ်ကုသမှုခံယူကြမည့် ဝေဒနာရှင်လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် လားရှိုးမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ကွမ်းလုံမြို့သို့ရောက်ရှိကြပြီး ကွမ်းလုံမြို့နယ် သံလွင်ဦးခန်းမ၌ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ယခင်က ဤဒေသများသည် နယ်မြေမအေးချမ်းသဖြင့် စိတ်တထင့်ထင့်ဖြင့် ခရီးသွားခဲ့ရသည့် ဒေသပင်ဖြစ်ပါကြောင်း။

ယခုအခါ ယင်းဖြစ်ရပ်များကျော်လွန်ဖြတ်သန်းလာကာ နယ်မြေအခြေအနေမှာလည်း အေးချမ်းနေပြီဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်နေပြီဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန်သာလိုပါတော့ကြောင်း၊ နယ်စပ်ဝင်ပေါက်နှင့်နီးသည့် မြို့နယ်များဖြစ်သည့်အတွက် မူဆယ်၊ ရွှေလီကဲ့သို့နယ်စပ်ကုန်သွယ်ရေးကို ပိုပြီး အဆင့်မြင့်လာစေရန်၊ ပိုပြီးအားကောင်းလာစေရန် ဆောင်ရွက်နိုင်ပါမှသာ ဤဒေသပိုမိုတိုးတက်နိုင်မှာဖြစ်ပါကြောင်း။

ယခုအခါ တရုတ်နိုင်ငံမှခရီးသွားများ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် လာရောက်လည်ပတ်နေပြီဖြစ်သည့်အတွက် ကွမ်းလုံ-ဟိုပန် ဒေသခံများလည်း အိမ်နီးချင်း တရုတ်နိုင်ငံဘက်မှ ခရီးသွားကုမ္ပဏီများနှင့် ဆက်သွယ်ကာ ခရီးသွားလုပ်ငန်းစမ်းသပ်ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

ဤဒေသတွင် စိုက်ပျိုးမွေးမြူရေး၊ ရောင်းဝယ်ဖောက်ကားရေးအပြင် ဖွံ့ဖြိုးတိုးတက်စေရန် အားပေးရမည့်တစ်ခုမှာ ပညာရေးဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍတွင်လက်ရှိ ကိုးကန့်စာတစ်ခုတည်းကိုသာ အာရုံစိုက်သင်ကြားနေရုံတင်မကဘဲ နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် မြန်မာစာအပြင် အင်္ဂလိပ်စာကိုပါ ဖိဖိစီးစီးသင်ကြားသင့်ပြီဖြစ်ပါကြောင်း၊ မျိုးဆက်သစ်လူငယ်များအနေဖြင့် အနည်းဆုံးကျွမ်းကျွမ်းကျင်ကျင်ဖြင့် ဤစာများကိုတက်မြောက်ပါမှ နိုင်ငံတွင်းရောနိုင်ငံတကာပါ ဝင်ထွက်သွားလာဆက်ဆံနိုင်ကြမည်ဖြစ်ပါကြောင်း။

မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုးကန့်စာအပြင် မြန်မာစာ၊ အင်္ဂလိပ်စာကို နိုင်ငံတကာအဆင့်မီလာစေရန် အလေးထားသင်ကြားကြပါရန် တိုက်တွန်းလိုပါကြောင်း၊ သို့မှသာ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်က ဒေသအတွင်းလိုအပ်ချက်များဖြစ်သည့် ကျန်းမာရေး၊ ပညာရေးဆိုင်ရာလိုအပ်ချက်များ၊ ပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဦးစီးအဖွဲ့အလုပ်အမှုဆောင်ကော်မတီဝင်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှထူးက မြို့တော်ခန်းမတိုးချဲ့တည်ဆောက်ရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကွမ်းလုံ၊ လောက်ကိုင်နှင့် ဟိုပန်မြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးနှင့်သောက်သုံးရေရရှိရေးဆိုင်ရာများ၊ နှစ်ရှည်သီးနှံစိုက်ပျိုးနိုင်ရေးအတွက် ချေးငွေချေးပေးနိုင်ရေးဆိုင်ရာများ၊ ပညာရေးကဏ္ဍအဆင့်မြင့်တင်ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာများ၊ ကျန်းမာရေးဆိုင်ရာအခြေခံ လိုအပ်ချက်များနှင့် ကျန်းမာရေးမြှင့်တင်ပေးနိုင်ရန်အတွက် နိုင်ငံတော်ကပံ့ပိုးဆောင်ရွက်ပေးစေလိုသော ကိစ္စရပ်ဆိုင်ရာများ၊ ဆက်သွယ်ရေးဆိုင်ရာ ကဏ္ဍတိုးတက်မြင့်မားလာစေရေးဆိုင်ရာများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်၊ ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ ဒေါက်တာဝင်းမြင့်၊ ဦးသောင်းတင်နှင့် ဦးအောင်သန်းဦးတို့က ဒေသတွင်းလိုအပ်လျက်ရှိသည့်ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာများ၊ ဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာစေရေးဆိုင်ရာများ၊ လျှပ်စစ်စွမ်းအားထုတ်လုပ်ရယူသုံးစွဲနိုင်စေရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေထုတ်ချေးပေးနိုင်ရေးလုပ်ငန်းဆိုင်ရာများ၊ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာများ၊ ဆက်လက်၍ တိုးမြှင့်ချေးငွေများ ထုတ်ချေးပေးသွားနိုင်စေရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ရှမ်းပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဤဒေသအသီးသီးမှလိုအပ်သည့် တင်ပြချက်များအပေါ် တာဝန်ရှိသူများက ရှင်းလင်းပြသည်ကို ကျေနပ်သဘောပေါက်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ပြောင်းလဲလာသည့်ခေတ်အခြေအနေကိုပြည်သူများ သတိထားမိမည်ဟု ထင်မြင်ပါကြောင်း၊ ယခင်က ဗဟိုဦးစီးစနစ်ဖြင့် အုပ်ချုပ်ခဲ့ရာတွင် ယခုအခါ ပြည်သူလူထုဗဟိုပြုစနစ်သို့ ပြောင်းလဲအုပ်ချုပ်စေခဲ့ကြောင်း၊ ထို့အတွက် ယခုအခါ မြို့နယ်/ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရွေးချယ်ကာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့အတွက် ပြည်သူကို လုပ်ပိုင်ခွင့် လွှဲပြောင်းပေးအပ်ပြီးဖြစ်ရာ ပြည်သူများအနေဖြင့်လည်း သာတူညီမျှစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ ယခုတင်ပြသည့် ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍရပ်များတွင် လိုအပ်သော လိုအပ်ချက်များကို မိမိတို့အနေဖြင့် နားလည်သဘောပေါက်ပါကြောင်း။

နှစ်အလိုက် နိုင်ငံတော်၏ဘတ်ဂျက်အရ နှိုင်းယှဉ်ချင့်ချိန်ဆောင်ရွက်ကြရာတွင် ဝန်ကြီးဌာနများအနေဖြင့်လည်း ၎င်းတို့လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သည့် ဘောင်တစ်ခုအတွင်းမှ အစွမ်းကုန်လုပ်ကိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်မီးရရှိရေးအတွက် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် ဂေဟဗေဒစနစ်မပျက်ယွင်းစေရန် သတိမူဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ အခြေခံအဆောက်အအုံကဏ္ဍ တိုးတက်မြင့်မားလာစေရေးအတွက် ရေရရှိရေး၊ မီးရရှိရေးနှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အတတ်နိုင်ဆုံးတိုးတက်မြင့်မားလာစေရန် အခြားနယ်မြေဒေသများသို့သွားရောက်လေ့လာအတုယူ၍ ယခုထက် ပိုမိုအားစိုက်ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ကွမ်းလုံမြို့ ဉာဏသိပ္ပံရပ်ကွက်၊ ရတနာသီရိ ရှမ်းကျောင်းသို့ ရောက်ရှိပြီး ကွမ်းလုံမြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရတနာသီရိရှမ်းကျောင်း ဆရာတော် ဥူးနန္ဒာသီရိအား ဖူးမြော်ကြည်ညိုကြကာ ဒုတိယသမ္မတနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် CB Bank၊ KBZ ဘဏ်လီမိတက်၊ အေးရှားဝေါ်လ်ကုမ္ပဏီလီမိတက်၊ နယူးစတားလိုက်(တ်) ကုမ္ပဏီလီမိတက်၊ ကတ်ပီတယ်ဒိုင်းမွန်းစတားဂရု(ပ်) ကုမ္ပဏီလီမိတက်တို့မှ စုပေါင်း၍ ကျောင်းတည်ဆောက်ရေးအတွက် အလှူငွေ ကျပ်သိန်း ၂၂၀ ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ရဟတ်ယာဉ်ဖြင့် ကွမ်းလုံမြို့မှ ပြန်လည်ထွက်ခွာလာကြရာ လားရှိုးမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြပြီး လားရှိုးမြို့အမှတ် (၁)ရပ်ကွက် တွဲဖက်ပြည်နယ်မီးသတ်ဦးစီးဌာနတွင် ကျင်းပသည့် ဟန်နားကျေးရွာနှင့် ဆောင်ကြဲကျေးရွာတို့အတွက် မီးငြိမ်းသတ်ယာဉ်နှစ်စီးပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာဟန်နားကျေးရွာနှင့် ဆောင်ကြဲကျေးရွာတို့အတွက် မီးငြိမ်းသတ်ယာဉ်နှစ်စီးအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က တိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မောင်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။ **(သတင်းစဉ်)**

မျက်စိဝေဒနာရှင်များအား ကုသပေး

နေပြည်တော် မေ ၅

သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယ မြို့တော်ဝန်၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဇမ္ဗူသီရိ ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး အထွေထွေပြင်ပလူနာဌာန၌ ဇမ္ဗူသီရိ ဖောင်ဒေးရှင်းအစီအစဉ်ဖြင့် မျက်စိကုသမှုခံယူရန် ရောက်ရှိလာကြသော လူနာများအား အားပေးစကားပြောကြားပြီး မျက်စိအထူးကု ဆရာဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ဆွေဦးလွင်၊ ဒေါက်တာဇီဇီကျော်နှင့် ဒေါက်တာသန့်ဟိန်းသော်တို့က မျက်စိဝေဒနာရှင်များအား စမ်းသပ်ကြည့်ရှုစစ်ဆေးပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မျက်စိစမ်းသပ်ကုသမှုခံယူပြီးသည့် ဝေဒနာရှင်များအနက် မျက်မှန်တပ်ဆင်ရန် လိုအပ်လျက်ရှိသော မျက်စိဝေဒနာရှင်များအား ပြည်ထောင်စုဝန်ကြီးက မျက်မှန်များ တပ်ဆင်ပေးပြီး **(အပေါ်ပုံ)** ဆေးကုသမှုခံယူရန် လာရောက်ကြသည့် မျက်စိဝေဒနာရှင်များအား အဆင်ပြေချောမွေ့စွာ ကုသပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဇမ္ဗူသီရိ ဖောင်ဒေးရှင်းသည် နေပြည်တော် ကောင်စီနယ်မြေအတွင်း ဘာသာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိရာ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား ရပ်ကွက်၊ ကျေးရွာများအလိုက် မော်တော်ယာဉ်များဖြင့် ကြို/ပို့ ပြုလုပ်ပေးပြီး ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား ကြည့်ရှုစစ်ဆေးကုသပေးနေမှုများကို ပြုလုပ်လျက်ရှိသည်။ ယနေ့ညနေပိုင်းအထိ မျက်စိဝေဒနာရှင် ၁၈၈ ဦးအား စစ်ဆေးကုသပေးခြင်းနှင့် မျက်မှန်တပ်ဆင်ရန် လိုအပ်သည့် လူနာများအား မျက်မှန်များ ပြုလုပ်ပေးခြင်းများအပြင် အာဟာရဒါနအဖြစ် လူနာနှင့် လူနာစောင့်တို့အား နေ့လယ်စာထမင်းအား ကျွေးမွေး ဆောင်ရွက်ပေးခဲ့ပြီး မျက်စိခွဲစိတ်ကုသရန် လိုအပ်လျက်ရှိသော လူနာ ၂၉ ဦးအား မေ ၆ ရက်မှ စတင်၍ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် မျက်စိခွဲစိတ် ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲလောကငွေကြေးပေးရန်/ရရန်အတွက် ပဲကုန်သည်၊ ပဲပွဲစားများအား အသိပေးချက်ထုတ်ပြန်ထား

ရန်ကုန် မေ ၅

မေ ၄ ရက်နေ့စွဲဖြင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ပြည်တွင်းပြည်ပ ပဲမျိုးစုံရောင်းဝယ်ဖောက်ကားနေကြသည့် ကုန်သည်ပွဲစားများအားလုံးသို့ အသိပေးသည့်စာကို ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မေ ၅ ရက်က ကပ်ထားကြောင်း ပဲကုန်သည်တစ်ဦးက ဆိုသည်။

အဆိုပါစာတွင် ၂၀၀၁ ခုနှစ်မှစ၍ ပြည်တွင်း၌ ကောက်ပဲသီးနှံရောင်းဝယ်မှုလုပ်ငန်းများဖြင့် စတင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ကုမ္ပဏီလီမိတက်အနေဖြင့် ဖွဲ့စည်းတည်ထောင်၍ ပြည်တွင်းပြည်ပသို့ ပဲမျိုးစုံရောင်းဝယ်မှုလုပ်ငန်းများကို ယနေ့အချိန်ထိ လုပ်ကိုင်ခဲ့သော ပုဂ္ဂလိကပဲကုန်သည်တစ်ဦးက ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် ပဲစင်းငုံရောင်းဝယ်မှုလုပ်ငန်းများ၌ ဆုံးရှုံးမှုကြုံတွေ့ခဲ့ရကြောင်း၊ မိမိ၏ပုံသေဒိုင်ပစ္စည်းများရောင်းချ၍ ရောင်းဝယ်မှုလုပ်ငန်း၌ မှန်ကန်စွာ ဆက်လက် ရပ်တည်ရင်းနှီးလုပ်ကိုင်ခဲ့ပါကြောင်း၊ ယနေ့အချိန်၌ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲများကြောင့် ပေးရန်ရှိသူများအား အကျေအလည်ဖြေရှင်းပေးနိုင်သည့်အခြေအနေတွင် မရှိသဖြင့် မိမိ၏ပိုင်ဆိုင်မှုစာရင်းများအားလုံးနှင့် ရရန်ရှိစာရင်းများအား မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ တာဝန်ရှိသူများထံ အပ်နှံ၍အသင်းမှ လိုအပ်သလို စီမံခန့်ခွဲ၍ပေးရန်ရှိသူများအား မျှတစွာဖြေရှင်းပေးရန် မေတ္တာရပ်ခံတင်ပြလာသည်ဟု ပါရှိသည်။

အဆိုပါအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခဲ့ရာ ပြဿနာအဖြစ်များသည့် ကုမ္ပဏီလီမိတက်၏ ပြည်တွင်း ပြည်ပကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များ ပဲနှင့်ငွေကြေး ပေးရန်/ရရန် ကိစ္စရပ်များအပေါ် မှန်မှန်ကန်ကန် ဖြေရှင်းနိုင်ရေးအတွက်လည်းကောင်း၊ မလိုလားအပ်သော ဖြစ်စဉ်များ မပေါ်ပေါက်စေရေးအတွက် လည်းကောင်း ဤကိစ္စကိုအကြောင်းပြု၍ ပဲလောကအတွင်း မမှန်မကန်အမြတ်ထုတ်ဆောင်ရွက်မှုများ မဖြစ် ပေါ်စေရန်ဝန်ကြီးဌာန၏ ကြီးကြပ် မှုဖြင့်အဆိုပါ အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်မှ တာဝန်ရှိသူများပါဝင်သည့် ညှိနှိုင်းဖြေရှင်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်ဟု အဆိုပါစာတွင် ဆက်လက်ဖော်ပြထားသည်။

သို့ဖြစ်ပါ၍ ညှိနှိုင်းဖြေရှင်းရေးကော်မတီအနေဖြင့် အဆိုပါ တင်ပြလာသော ကုမ္ပဏီလီမိတက်မှတင်ပြလာသည့် ပေးရန်/ရရန် စာရင်းလက်ခံရရှိပြီးဖြစ်သော်လည်း မလိုလားအပ်သည့် နောက်ဆက်တွဲပြဿနာများမဖြစ်ပေါ်စေရန်အတွက် အဆိုပါ ကုမ္ပဏီနှင့်ဆက်သွယ်လုပ်ကိုင်နေသည့် ပြည်တွင်း ပြည်ပပဲမျိုးစုံရောင်းဝယ်ဖောက်ကားနေကြသည့် ကုန်သည်၊ ပွဲစားများအနေဖြင့် ပေးရန်/ရရန် စာရင်းများရှိပါက ခိုင်မာသည့် အထောက်အထားများနှင့် အဆိုပါအသင်းရုံး ရုံးအဖွဲ့မှူးထံ မေ ၆ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ ပေးပို့ပါရန်နှင့် ယင်းအချိန်နောက်ပိုင်းမှ ပေးပို့လာပါက လက်ခံစဉ်းစားမည်မဟုတ်ပါကြောင်း သိရှိနိုင်ပါရန်ညှိနှိုင်းဖြေရှင်းရေးကော်မတီမှ ကြေညာကြောင်း အဆိုပါ အသိပေးစာတွင်ဖော်ပြထားသည်ဟု သိရသည်။

၂၀၁၄ ခုနှစ်ဆန်းတွင် မတ်ပဲ RC တစ်တန်ကျပ် ခြောက်သိန်းဝန်းကျင်သာရှိခဲ့သော်လည်း မေလဆန်းတွင် ခုနစ်သိန်းကျပ် ဝန်းကျင်တို့ဈေးမြင့်တက်လာကြောင်း၊ မေ ၃ ရက်တွင် မတ်ပဲ RC တစ်တန်ကျပ် ၇၂၅၀၀၀ နှုန်းရှိပြီး မေ ၅ ရက်တွင် ကျပ် ၇၁၈၀၀၀ နှုန်း အနည်းငယ်ကျဆင်းလာကြောင်း သိရသည်။

(မောင်စေအောင်)

ဖိလစ်ပိုင်နှင့် အမေရိကန်တို့မှ စစ်သည်အင်အား ၅၅၀၀ ခန့် ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်

မြို့တော်မနီလာရှိ စစ်ဌာနချုပ်တွင် ဖိလစ်ပိုင်-အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်ခြင်းအထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

မနီလာ မေ ၅

မနီလာနှင့် ပေကျင်းအကြား ဆက်ဆံရေးတင်းမာမှုများ ပေါ်ပေါက်နေစဉ် စစ်သည်အင်အား ၅၅၀၀ နီးပါး ပါဝင်သော အမေရိကန်နှင့်ဖိလစ်ပိုင်တို့၏ နှစ်နိုင်ငံပူးတွဲ စစ်ရေးလေ့ကျင့်မှုကို စတင်ပြုလုပ်ပြီဖြစ်ကြောင်း တနင်္လာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရင်ပေါင်တန်းလျက်ဟု အဓိပ္ပာယ်ရသော "ဘာလီကာတန်"ဟု အမည်ပေးထားသည့် စစ်ရေးလေ့ကျင့်မှုကို နှစ်စဉ်ပြုလုပ်နေကျဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များ ပိုမိုထားရှိခွင့်ပြုသောစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် ရက်သတ္တတစ်ပတ်အကြာတွင် အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခြင်းဖြစ်သည်။

လွန်ခဲ့သည့်သီတင်းပတ်တွင် မနီလာသို့ အလည်အပတ်ရောက်ရှိလာခဲ့သော အမေရိကန်သမ္မတ ဘာရက်အိုဘားမားက တရုတ်နိုင်ငံနှင့် ရေပြင်ပိုင်နက်အငြင်းပွားလျက်ရှိသည့် ဖိလစ်ပိုင်နိုင်ငံကို အခိုင်အမာထောက်ခံကြောင်း ကတိစကားဆိုခဲ့သည်။

စကာဘိုရပ်သောင်တိမ်နှင့် စက်ကင်းသောမတ်သောင်တိမ်ကဲ့သို့သော တောင်တရုတ်ပင်လယ်အတွင်းမှ သောင်တိမ်များနှင့် ကျွန်းအတော်များများကို နှစ်နိုင်ငံလုံးက ပိုင်ဆိုင်ကြောင်း အပြိုင်အဆိုင်ကြေညာခဲ့ကြသည်။

အဆိုပါပြဿနာကိုဆုံးဖြတ်ပေးရန်အတွက် ဖိလစ်ပိုင်က ကုလသမဂ္ဂ သမာဓိခုံရုံးကို တောင်းဆိုထားသည်။

ဘာလီကာတန်ဖွင့်ပွဲ အခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အဲလ်ဘတ်ဒီးလ်ရိုဆာရီယို၏မိန့်ခွန်း၌ တရုတ်နိုင်ငံဟု အမည်ထုတ်ဖော်ပြောခြင်းမပြုဘဲ လက်ရှိအနေအထားကို ပြောင်းလဲမှုပြုလုပ်ရန် အိမ်နီးချင်းများက ရည်ရွယ်နေသဖြင့် ယခုကဲ့သို့သော စစ်ရေးလေ့ကျင့်မှုလိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

၁၀ ရက်ကြာမြင့်မည့် ဤစစ်ရေးလေ့ကျင့်မှုသည် ရေကြောင်းစစ်ရေး၏ စွမ်းရည်ကို အကဲဖြတ်နိုင်မည်ဟု ၎င်းက ထပ်မံပြောကြားသည်။ လေ့ကျင့်စဉ်တွင် ကျည်ဆန်အစစ်များကို အသုံးပြုမည်ဖြစ်ပြီး ရေကြောင်းထောက်လှမ်းရေးလေ့ကျင့်ခြင်းများလည်း ပါဝင်မည်ဟု ဖိလစ်ပိုင်စစ်ဘက်က ပြောသည်။ **ဘီဘီစီ။**

တရုတ်အမျိုးသား ကမ်းလွန်ရေနံကော်ပိုရေးရှင်း၏ ရေနံတူးစင်အမှတ်(၉၈၁) ထိန်းချုပ်ရေးစခန်းကို တွေ့ရစဉ်။

ပိုင်နက်နယ်မြေအငြင်းပွား ပင်လယ်ရေပြင်အတွင်း တရုတ် ရေနံတူးဖော်မှု ဗီယက်နမ် ကန့်ကွက်

ဟနွိုင်း မေ ၅

ပိုင်နက်နယ်မြေ အငြင်းပွားလျက်ရှိသော ရေပြင်အတွင်း ရေနံတူးဖော်မှုစတင်ပြုလုပ်ရန် တရုတ်နိုင်ငံ၏ ဆုံးဖြတ်ချက်ကို ဗီယက်နမ်နိုင်ငံက မေ ၅ ရက်တွင် ကန့်ကွက်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်ရှိ အငြင်းပွားလျက်ရှိသော ရေပြင်အတွင်း ရေနက်ပိုင်းရေနံတူးစင်တစ်ခုကို ပထမဆုံးအကြိမ် ဖြန့်ကြက်မှုသည် ဥပဒေနှင့်ညီညွတ်သော လုပ်ရပ်မဟုတ်သဖြင့် ယင်းရေနံတူးစင်ကို ရုပ်သိမ်းပေးရန် ဗီယက်နမ်နိုင်ငံက တောင်းဆိုသည်။

တရုတ်နိုင်ငံ၏ ယင်းလုပ်ရပ်သည် ရန်စလှုံ့ဆော်ရာရောက်ပြီး တင်းမာမှုများ မြင့်တက်စေနိုင်သည်ဆို၏။

တရုတ်အမျိုးသားကမ်းလွန်ရေနံကော်ပိုရေးရှင်း၏ အမှတ် ၉၈၁ ရေနံတူးစင်သည် မေ ၄ ရက်မှ ဩဂုတ် ၁၅ ရက်အထိ ရေနံတူးဖော်ထုတ်လုပ်မည်ဖြစ်ကြောင်း တရုတ်ပင်လယ်ရေကြောင်းလုံခြုံရေးအဖွဲ့က ရေကြောင်းသွားလာခြင်းဆိုင်ရာ သတိပေးချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါရေနံတူးစင်သည် ပါရာဆယ်ကျွန်းစုအနီးတွင် တည်ရှိသည်။ တရုတ်နိုင်ငံက ထိန်းချုပ်ထားသော ယင်းကျွန်းစုကို မိမိတို့ပိုင်ဆိုင်သည်ဟု ဗီယက်နမ်နိုင်ငံက အခိုင်အမာပြောကြားခဲ့သည်။

အငြင်းပွားပင်လယ်ရေပြင်အတွင်း တရုတ်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်ချက်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိသည်ဟု အမေရိကန်အစိုးရက ပြောကြားသည်။

တရုတ်နိုင်ငံသည် စီးပွားရေးနှင့် စစ်ရေးအင်အားကြီးထွားလာမှုနှင့်အတူ ပိုင်နက်နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုများတွင် တစ်ဖက်သတ်ဆန်ဆန်ပြုမူလာခြင်းကြောင့် တင်းမာမှုများပိုမိုဖြစ်ပေါ်စေကြောင်း ဗီယက်နမ်တာဝန်ရှိသူများက ပြောကြားကြသည်။ **ပီတီအိုင်။**

ပါကစ္စတန်တွင် သေနတ်သမားများပစ်ခတ်မှုကြောင့် နေတိုး ကုန်ကားမောင်းသူနှစ်ဦး သေဆုံး

အစ္စလမ္မာဘတ် မေ ၅

ပါကစ္စတန်နိုင်ငံရှိ မျိုးနွယ်စုများနေထိုင်ရာ ခိုင်ဘာတောင်ကြားဒေသတွင် မေ ၅ ရက် နံနက်ပိုင်းက နေတိုးတပ်ဖွဲ့၏ ကုန်တင်ကားမောင်းနှင်သူနှစ်ဦးကို စစ်သွေးကြွဟု သံသယရှိသူသေနတ်သမားများက ဝိုင်းဝန်းပစ်ခတ်သဖြင့် သေဆုံးသွားကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ဂျပ်ရတ်ဒေသရှိ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နှစ်နိုင်ငံဆက်သွယ်ထားသော အဓိကအဝေးပြေးလမ်းမကြီးတွင် နေတိုးတပ်ဖွဲ့မှ ကုန်တင်ကားတစ်စီးမောင်းနှင်လာစဉ် စစ်သွေးကြွသံသယရှိသူများက တိုက်ခိုက်ခြင်းဖြစ်သည်။

အဆိုပါကုန်တင်ကားကို ဝိုင်းဝန်းပစ်ခတ်ကာ မီးရှို့ဖျက်ဆီးလိုက်ကြောင်း ဒေသခံပြည်သူများက ပြောကြားသည်။ယင်းတိုက်ခိုက်မှုသည် မည်သည့်အုပ်စု၏လက်ချက်ဖြစ်သည်ကို မသိရပေ။ **ဆင်ဟွာ။**

လေယာဉ်ပျက်ရှာဖွေရေး အနာဂတ်လုပ်ငန်းစဉ် ဩစတြေးလျ၊ တရုတ်နှင့် မလေးရှား ဆွေးနွေးမည်

မဲလ်ဘုန်း မေ ၅

ဩစတြေးလျ၊ တရုတ်နှင့် မလေးရှား နိုင်ငံတို့သည် ပျောက်ဆုံးနေသော ခရီးသည်တင်လေယာဉ် ရှာဖွေရေး အနာဂတ်လုပ်ငန်းစဉ်နှင့်ပတ်သက်၍ သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို မေ ၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပျောက်ဆုံးနေသော မလေးရှား ခရီးသည်တင်လေယာဉ်ကို ရက်သတ္တပတ်ပေါင်းများစွာကြာသည်အထိ ပိုက်စိပ်တိုက်ရှာဖွေခဲ့သော်လည်း တွေ့ရှိရခြင်းမရှိဘဲ ကုန်ကျစရိတ်ကြီးလေးသည့်ဒဏ်ကို ခါးစည်းခံကြရသည်။

အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းတွင် လေယာဉ်ပျက်ကို ရှာဖွေသည့်လုပ်ငန်းကို လျှော့ချရန် ဆုံးဖြတ်ခဲ့ကြပြီးနောက် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့တွင် သုံးပွင့်ဆိုင်ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်သည်။

ထိုစဉ်အတွင်း နိုင်ငံတကာ မြို့ပြလေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဗီယက်နမ်နိုင်ငံက ချိုးဖောက်ခဲ့ခြင်းရှိ၊ မရှိ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ်က စုံစမ်းစစ်ဆေးလျက်ရှိသည်။

မလေးရှား လေကြောင်းဌာနမှ ခရီးစဉ်အမှတ် အမ်အိပ်ချ်-၃၇၀ ပျံသန်းလာသော ခရီးသည်တင်လေယာဉ် ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ဗီယက်နမ်တာဝန်ရှိသူများအနေဖြင့် နိုင်ငံတကာမြို့ပြလေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခဲ့ခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးမည်ဖြစ်သည်။

မတ် ၈ ရက်က မလေးရှားလေကြောင်းဌာနမှ ခရီးသည်တင်လေယာဉ်သည် မြို့တော်ကွာလာလမ်ပူမှ တရုတ်နိုင်ငံ မြို့တော်ပေကျင်းသို့ ဦးတည်ပျံသန်းလာစဉ် တောင်တရုတ်ပင်လယ်အထက် ဝေဟင်အတွင်းပျောက်ဆုံးသွားခဲ့သည်။ ယင်းလေယာဉ်သည် ဗီယက်နမ်ဝေဟင်ပိုင်နက်ကိုဖြတ်သန်းကာ ဆက်လက်ပျံသန်းရန်ရှိနေစဉ် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

မလေးရှားအစိုးရအဖွဲ့က ကုလသမဂ္ဂ နိုင်ငံတကာမြို့ပြလေကြောင်းအဖွဲ့(အိုင်စီအေအို)ထံ လွန်ခဲ့သည့်လကပဏာမအစီရင်ခံစာ တင်သွင်းခဲ့ရာတွင် ယင်းလေယာဉ်ခရီးစဉ်ပျံသန်းမှု၏ အစောပိုင်းကာလအတွင်း လေကြောင်းပျံသန်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကျင့်သုံးမှုနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာ အများအပြားရှိသည်ဟု ဖော်ပြထားသည်။ **ကျိုဒို။**

ဩစတြေးလျ တော်ဝင်လေတပ်မှ စစ်လေယာဉ်တစ်စင်း မလေးရှားလေယာဉ်ပျက်ကို ရှာဖွေသည့် မှတ်တမ်းပုံ။

ချူကလီးယားစခန်းနှစ်ခုကို စစ်ဆေးမှုခံယူရန် အီရန် သဘောတူ

တီဟီရန် မေ ၅

အီရန်နိုင်ငံရှိ ချူကလီးယားဆိုင်ရာ စခန်းနှစ်ခုကို လာမည့်ရက်ပိုင်းအတွင်း နိုင်ငံတကာစစ်ဆေးရေးမှူးများ ဝင်ရောက်စစ်ဆေးခွင့် ရရှိမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနဖြစ်သော အိုင်အာရ်အင်န်အေသတင်းဌာနက မေ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတကာစုံစမ်းစစ်ဆေးရေးမှူးများသည် အီရန်နိုင်ငံ အာဒါခန်မြို့ရှိ ယူရေနီယမ်သတ္တုတွင်းနှင့် ယူရေနီယမ်ထုတ်လုပ်ရေးစက်ရုံတို့ကို ဝင်ရောက်စစ်ဆေးခွင့်ရရှိမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

နိုင်ငံတကာစစ်ဆေးရေးမှူးများအား ဝင်ရောက်စစ်ဆေးခွင့်ပေးရန် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက တောင်းဆိုခဲ့ပြီး အီရန်နိုင်ငံက လိုက်လျောပေးခဲ့သည်။ **ပီတီအိုင်။**

(၆၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၅

(၆၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မိန့်ခွန်းပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်တက်လှမ်းနေချိန်တွင် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသကဲ့သို့ မီးသတ်တပ်ဖွဲ့ရည်မှန်းချက်တာဝန်ကိုလည်း ပြည်သူများအတွက် ပိုမိုပြည့်စုံထိရောက်မှုရှိသော ရည်မှန်းချက်တာဝန်(၄) ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ ပြောင်းလဲသတ်မှတ်ပေးခဲ့ကြောင်း။

၂၀၁၃ ခုနှစ်တွင် မီးလောင်မှုအကြိမ်ပေါင်း ၁၆၃၇ ကြိမ် ဖြစ်ပွားခဲ့ပြီး ခန့်မှန်းခြေ တန်ဖိုးငွေကျပ် ၄၂၅၄ သန်းခန့် ဖြစ်သည့်အတွက် ၂၀၁၄ ခုနှစ်တွင် မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုတန်ဖိုးများ လျော့နည်းစေရန်အတွက် မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းများကို လေ့လာဆန်းစစ်ပြီး ကြိုတင်ကာကွယ်မှုများ စနစ်တကျ စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို နိုင်ငံတကာမီးသတ်တပ်ဖွဲ့ဝင်များနည်းတူ ရည်မှန်းချက်တာဝန်များကို လျင်မြန်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် မီးသတ်တပ်ဖွဲ့စခန်းဖွဲ့စည်းပုံများကို တပ်ဖွဲ့ဝင်အင်အား၊ ယာဉ်၊ စက်အင်အား တို့ကိုပါ စံချိန်စံညွှန်းများ သတ်မှတ်ပြီး နိုင်ငံတော်တစ်ဝန်းလုံးကို လွှမ်းခြုံနိုင်အောင် စနစ်တကျ အဆင့်ဆင့် တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရန်အတွက် ပြည်ပနိုင်ငံများတွင်ပြုလုပ်သော မီးဘေးနှင့်သဘာဝဘေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများကိုစေလွှတ်တက်ရောက်စေခဲ့ကြောင်း။

တပ်ဖွဲ့ဝင်အင်အားတိုးချဲ့ဖွဲ့စည်းရေး၊ စွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေသလို မီးသတ်စက်/ယာဉ်ဖြည့်တင်းရေးအနေနှင့် နိုင်ငံတော်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ခေတ်မီမီးငြိမ်းသတ်ယာဉ် ၂၂၂ စီး၊ ရေဂါလန် ၅၀၀၀ ဆံ့ မီးသတ်အထောက်အကူပြုယာဉ် နှစ်စီး၊ ရေဂါလန် ၃၆၀၀ ဆံ့ မီးသတ်အထောက်အကူပြုယာဉ် လေးစီး ဝယ်ယူဖြည့်တင်းပေးခဲ့ပြီး နိုင်ငံတော်တစ်ဝန်းရှိ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးကို ဖြန့်ခွဲတာဝန်ချထားပေးခဲ့ကြောင်း။

နိုင်ငံတော်က စွမ်းစွမ်းတမံ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ယနေ့အထိ စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့တံဆိပ်များအနေဖြင့် ရဲသီဟတံဆိပ်တစ်ဦး၊ ရဲသူရတံဆိပ် ၁၅ ဦး၊ ရဲဗလတံဆိပ် ၃၇ ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်အနေဖြင့် ရဲသူရိန်တံဆိပ် ၅၆ ဦး၊ ရဲကျော်စွာတံဆိပ် ၆၀၊ ရဲကျော်သူတံဆိပ် ၄၂ ဦး စုစုပေါင်း ၂၁၁ ဦးတို့အား ချီးမြှင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်းမှာလည်း နိုင်ငံတော်မှ မီးသတ်တပ်ဖွဲ့ဝင်ငါးဦးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းခြင်းခံခဲ့ရသည့် ရဲသူရိန်တံဆိပ်ရရှိသူ နှစ်ဦးနှင့် ရဲကျော်စွာတံဆိပ်ရရှိသူ မီးသတ်တပ်ဖွဲ့ဝင် သုံးဦးတို့ကို နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို မီးသတ်တပ်ဖွဲ့ဝင်တိုင်း ပြည့်စုံရမည့် စွမ်းရည် (၄)ရပ်အစဉ်ထက်မြက်စေရန် လေ့ကျင့်ရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံတော်၏ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ လွတ်ကင်းစေရန် မီးသတ်တပ်ဖွဲ့၏ ဆောင်ပုဒ်ဖြစ်သော သတိ၊ သစ္စာ၊ သတ္တိနှင့်အညီ ဆောင်ရွက်သွားကြရေး၊ ပြည်သူက အားကိုးယုံကြည်မှုရှိအောင် မီးသတ်တပ်ဖွဲ့ဝင်တိုင်း စွမ်းဆောင်ရည်မြှင့်တင်ရေး၊ မီးသတ်တပ်ဖွဲ့ဝင်၏ အစဉ်အလာကောင်းများ ထိန်းသိမ်းရေး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် သက်ဆိုင်ရာဌာန အသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝဘေးဖြစ်ပေါ်လာလျှင်လည်း ရှာဖွေကယ်ဆယ်ရေး အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် စွမ်းဆောင်ရည်ပြည့်ဝစေရန် စုပေါင်းလေ့ကျင့်ထားကြပြီး အသင့်ရှိကြရေးတို့ကို ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၄ ခုနှစ် မီးသတ်ဦးစီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် တပ်ဖွဲ့ဝင်ငါးဦးအား တစ်ဦးချင်းဆုချီးမြှင့်အပ်နှင်းခဲ့ပြီး**(အပေါ်ပုံ)** (၆၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့တွင်လည်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားများ၊ ပညာပေးသရုပ်ပြ ရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး

နေပြည်တော်၌ကျင်းပမည်

သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

နေပြည်တော် မေ ၅

အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးကို မေ ၁၉ ရက်မှ ၂၁ ရက်အထိ နေပြည်တော်ရှိ Royal ACE Hotel ၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www.asean 2014. gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ ASEAN Defence Ministers' Meeting (ADMM) ကို နှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မေ ၁၅ ရက်နေ့ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်၊ထွက်ခွင့်ကတ်များ ထုတ်ပေးခြင်းကို အစည်းအဝေးစတင်သည့် မေ ၁၉ ရက် နံနက်ပိုင်းတွင် Royal ACE Hotel ၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာ မြန်မာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက ကာကွယ်ရေးဝန်ကြီးဌာန ဖုန်း ၀၆၇-၄၀၄၄၂၅ သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်၊ထွက်ခွင့် ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၁၂၆ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး၌ (၆၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး၌ (၆၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်ဖွဲ့ဝင်များအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ပြုလုပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ၂၀၀၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ (၁၀)နှစ်တာကာလအတွင်း နှစ်စဉ်မီးလောင်မှုအကြိမ်ပေါင်း ပျမ်းမျှအကြိမ် ၂၃၀ ခန့် ဖြစ်ပွားခဲ့ပြီး နှစ်စဉ်ပျမ်းမျှငွေကျပ်သန်းပေါင်း ၃၉၁၂ သန်းဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှု အကြိမ်ပေါင်း ၂၃၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇ သန်းခန့် ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် ၂၀၁၄ ခုနှစ်အတွင်း မီးလောင်မှု အကြိမ်နှင့်ဆုံးရှုံးမှုတန်ဖိုးများလျော့နည်းစေရေးအတွက် မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းအရင်းများကို လေ့လာဆန်းစစ်ပြီး ကြိုတင်ကာကွယ်မှုများ စနစ်တကျစီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်(၄)ရပ်ဖြစ်သည့် မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များကို အစဉ်ထက်မြက်စေရေးလေ့ကျင့်ရမည်ဖြစ်ပြီး ပြည်သူများ အားကိုးယုံကြည်မှုရှိအောင် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝအောင် စုပေါင်း လေ့ကျင့်ထားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရှာဖွေ ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးပြကွက်များ သရုပ်ပြမှုကို ကြည့်ရှုအားပေးပြီး မီးသတ်ပစ္စည်းကိရိယာများကိုလည်း လှည့်လည် ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်အန္တရာယ်ကင်းဝေးသော အမြန်လမ်းဖြစ်ပါစေ

သောင်းလွင်ဦး

မြန်မာနိုင်ငံ၏ အဓိကကျသော လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် စုစုပေါင်း ၃၆၆ မိုင် ၃ ဖာလုံ ရှည်လျားကြောင်း သိရှိရပါသည်။ အမြန်လမ်းမကြီး စတင်ဖောက်လုပ်ပြီးသည့်အချိန်မှစ၍ ယာဉ်တိုက်ခိုက်မှု၊ ယာဉ်တိမ်းမှောက်မှုအန္တရာယ်များ သိသာထင်ရှားစွာ ဖြစ်ပေါ်လာခဲ့ခြင်းကြောင့် အချို့ကလည်း အမြန်လမ်းမကြီးကို "မပြန်လမ်း၊ မရဏလမ်း"ဟူ၍ အဆိုးမြင်ဖြင့် အမည်ပေးကင်ပွန်းတပ်ကြပြန်သည်။ အသက်ဆုံးရှုံးခဲ့သူမိသားစုများဘက်မှ ကြည့်ပြန်လျှင်လည်း ထိုအမြန်လမ်းကို မဖြတ်ချင်လောက်အောင် စိတ်ခံစားမှုဖြစ်ကြပြီး ကြောက်တတ်သူများအဖို့ ကားစီးရင်း သမ္ဗုဒ္ဓေဂါထာ ရွတ်လို့ ကုသိုလ်ပွားကာ ခရီးသွားကြရသည်။ အမြန်လမ်းတွင်ဖြစ်ပေါ်သော ယာဉ်ထိခိုက်မှုအန္တရာယ်များနှင့်ပတ်သက်၍ သေချာစွာ လေ့လာသုံးသပ်ရပါလျှင် (က) လမ်းပိုင်း၊ (ခ) လူပိုင်း၊ (ဂ) ယာဉ်ပိုင်း၊ (ဃ) ရာသီဥတုအပိုင်းဟူ၍ အန္တရာယ်ဖြစ်မှုတို့ကို ခွဲခြားလေ့လာကြည့်မိပါသည်။

လမ်းပိုင်းအနေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမသည် လမ်းလယ်ကျွန်းပိုင်းခြား၍ တစ်ဖက်လျှင် လေးလမ်းသွားအတွက် လျာထားမြေဖို့ဖောက်လုပ်ထားသည့် အပေါ်တွင် တစ်ဖက်လျှင် အကျယ်(၂၅)ပေရှိ ကွန်ကရစ်နှစ်လမ်းသွားခင်း၍ ဖောက်လုပ်ထားခြင်း ဖြစ်ပါသည်။ ကွန်ကရစ်ခင်းလမ်း၏သဘောသဘာဝအရ နိုင်လွန်ကတ္တရာကဲ့သို့ မဟုတ်ဘဲ မော်တော်ယာဉ်၏တာယာကို ကော်ပတ်စားသကဲ့သို့ ပွတ်တိုက်မှုအားများသဖြင့် ခရီးမိုင်အကွာအဝေး ရှည်ရှည်သွားသည်နှင့်အမျှ တာယာမကောင်း၊ ပန်းမကောင်းသည့် မော်တော်ယာဉ်အတွက် အန္တရာယ်ဖြစ်စေနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

တံတားများပေါ်နှင့် အချို့နေရာတွင် နိုင်လွန်ကတ္တရာခင်းထားကြောင်းတွေ့ရှိရပြီး နိုင်လွန်ကတ္တရာ နေရာအားလုံးအပြည့်ခင်းနိုင်ခဲ့ပါက ကွန်ကရစ်လမ်းကြောင့်ဖြစ်သည့် ယာဉ်အန္တရာယ်မျိုးများစွာကို လျော့ပါးသွားစေနိုင်မည်ဖြစ်ပါသည်။ ဖြစ်နိုင်လျှင် ရန်ကုန်-မန္တလေး အမြန်လမ်းတိုးဂိတ်မတက်မီ တာယာမကောင်းပါကလဲနိုင်စေရန်၊ အောက်ပိုင်း ကောင်း၊ မကောင်း စစ်ဆေးနိုင်စေရန်၊ အလိုင်းမင့်ချိန်စက်၊ တာယာအရောင်းဆိုင်နှင့် မော်တော်ယာဉ်၏အဓိကလိုအပ်သော အရေးပေါ်ပစ္စည်းအရောင်းဆိုင်တို့ကို ပူးတွဲဖွင့်လှစ်ထားပေးသင့်ပါသည်။

အမြန်လမ်းတွင် လမ်းကွေ့များ၌ အရှိန်ဖြင့်မောင်းလာသောယာဉ်ကို လမ်းဘေးသို့ ရောက်မသွားစေရန် လမ်းကွေ့၏အပြင်ဘက်ခြမ်းအား မြှင့်တင်ဖောက်လုပ်ပေးနိုင်မှု Super Elevation လိုအပ်ချက်များကို အချို့လမ်းကွေ့များတွင် တွေ့မြင်နေရပါသည်။ ထို့ပြင် အမြန်လမ်းမကြီး၏ ရှည်လျားဖြောင့်တန်းမှု၊ မျက်နှာချင်းဆိုင်မှလာသောယာဉ်မရှိသဖြင့် ရှေ့မြင်ကွင်းအကျယ်ကြီးကို လူရှောင်စရာမလို၊ ဂီယာပြောင်းစရာမလို၊ အရှိန်လျှော့စရာမလို မောင်းနှင်နေရခြင်းက အချိန်ကြာလာသည်နှင့်အမျှ မျက်ကြောသေကာအိပ်ငိုက်လာစေနိုင်ကြောင်းကိုလည်း သတိပြုစရာတစ်ခုအဖြစ်အလေးပေးတင်ပြအပ်ပါသည်။ အထူးသဖြင့် အစာစားပြီးချိန်၊ ထမင်းဆိပ်တက်ချိန်၊ အိပ်ရေးပျက်ခဲ့ချိန်၊ ပင်ပန်းလွန်းချိန်နှင့်ကြုံတွေ့ပါက ယာဉ်မောင်းနေရင်း အိပ်ငိုက်ခြင်းကြောင့် ယာဉ်တိုက်ခိုက်မှုများ ဖြစ်ပွားရခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ အမြန်လမ်းပေါ်တွင် ယာဉ်ကိုမောင်းနှင်ပါက ယာဉ်မောင်း အိပ်မငိုက်စေရေးအတွက် အငှားယာဉ်များတွင် ယာဉ်မောင်းနှစ်ဦး အလှည့်ကျ မောင်းနှင်ရန်စီစဉ်ထားရှိခြင်း၊ အဖော်ဖြစ်သူက ဘေးမှကြည့်ပေးခြင်း၊ ရံဖန်ရံခါစကားပြောပေးခြင်း၊ အထောက်အကူဖြစ်စေရန် အကူအညီပေးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။ အကယ်၍ ကိုယ်ပိုင်ယာဉ်ကို ယာဉ်မောင်း မိမိတစ်ဦးတည်းသာ မောင်းနှင်လာခဲ့ပြီး မျက်ခွံလေးနေလျှင်တော့ ကျန်အဖော်ပါသူတို့အား မေတ္တာရပ်ခံပြီး လမ်းဘေးလွတ်ရာတွင် ကားကိုရပ်ကာ ခေတ္တခဏ အနားယူအိပ်စက်ခြင်း ပြုလုပ်သင့်ကြောင်း အကြံပြုလိုပါသည်။

အမြန်လမ်းသည် နှစ်လမ်းသွားဖြစ်သဖြင့် အရှိန်ဖြင့်သွားသော ယာဉ်များအတွက် ယာဉ်တစ်စီးနှင့်တစ်စီး ကျော်တက်ချိန်တွင် ငြိမိ၊ တိုက်မိနိုင်ပါသည်။ ထိုသို့မဖြစ်စေရန် ကျော်တက်သည့်အခါ ရှေ့ယာဉ်ကို နောက်ယာဉ်မှ ကျော်တက်လိုကြောင်း မီး၊ ဟွန်းသံတို့ဖြင့် အချက်ပြလမ်းတောင်းပြီး ရှေ့ယာဉ်မှ ညာကပ်၍ ခွင့်ပြုသည့်အခါမှသာ သတိဖြင့် ကျော်တက်ရပါမည်။ လမ်းကွေ့များ၌ ကျော်မတက်သင့်ပါ။ ရှေ့ယာဉ်ကိုကျော်တက်၍ မလွတ်မီ ညာဘက်ယာဉ်ကြောသို့ ပြန်ယူခြင်းကြောင့် ယာဉ်အချင်းချင်းထိခိုက်မှုဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် ရှေ့ယာဉ်မှ ကျော်တက်ခွင့်ပေးသည့်အခါ ဘယ်ဘက်နောက် အချက်ပြမီးကိုဖွင့်၍ ခွင့်ပြုခြင်းသည် မှားယွင်းသော အချက်ပြမှုတစ်ခုဖြစ်ပြီး သတိပြုဖို့လိုအပ်ပါသည်။ အကယ်၍သာ အချက်ပြသည့်ယာဉ်၏ရှေ့တွင် ဘယ်ဘက်လမ်းခွဲရှိပြီး ထိုရှေ့ယာဉ်သည် ဘယ်ဘက်သို့ ကွေ့မည့်ယာဉ်ဖြစ်ပါက ကျော်တက်သည့်ယာဉ်နှင့် ယာဉ်တိုက်ခိုက်မှုဖြစ်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

အမြန်လမ်းမပေါ်တွင် လမ်းဖောက်လုပ်ခဲ့သည့် ပြည်သူ့ဆောက်လုပ်ရေးအနေဖြင့် အမြန်လမ်းနှင့်နီးစပ်သော ကျေးရွာများမှ လမ်းပေါ်အလွယ်တကူမတက်နိုင်ရန် သံဆန်ခါများ စည်းရိုးတားကာရံထားသော်လည်း ပတ်ဝန်းကျင်နေလူတို့၏ စည်းကမ်းမဲ့မှုကြောင့် ညအမှောင်ထဲတွင် အနီးကပ်မှ ဆိုင်ကယ်၊ ထော်လာဂျီ၊ ကျွဲ၊ နွား၊ ကျောက်တုံး၊ လူထိုင်နေခြင်းများကို ကြုံတွေ့ရသည့်အတွက် ယာဉ်အန္တရာယ်ကို ဖြစ်ပေါ်စေပါသည်။ တာဝန်ရှိအမြန်လမ်းရဲတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ဆေးမှုများကို အထူးသဖြင့် ညပိုင်းတွင် တိုးမြှင့်ဆောင်ရွက်သင့်ပါသည်။

တံတားများတွင် ဆိုလာမီးများ အပြည့်အဝထွန်းပေးနိုင်အောင် ဆောင်ရွက်ပေးသင့်ပြီး အချို့လမ်းအကျယ်မှ တံတားအကျဉ်းသို့ဝင်ရာ လမ်းလွှဲများတွင် ရောင်ပြန်စတစ်ကာများ တိုးမြှင့်ကပ်ထားသင့်ပါသည်။ လမ်းပေါ်ဆေးရေးအမှတ်အသားများကိုလည်း ညအချိန် မြင်သာမှုရှိအောင် ရေးဆွဲထားရမည်ဖြစ်ပါသည်။ ဖြစ်နိုင်ပါက နိုင်ငံတော်၏ တတ်နိုင်စွမ်းအားအလိုက် အမြန်လမ်းမကြီးကို လက်ရှိလေးလမ်းသွားမှ ခြောက်လမ်းသွားအဖြစ် တိုးချဲ့သင့်ပါကြောင်း အကြံပြုလိုပါသည်။

လူပိုင်းအနေဖြင့် အဓိကမှာ ယာဉ်မောင်း၏ချွတ်ယွင်းမှုကို သုံးသပ်ရမည်ဖြစ်ပါသည်။ ယာဉ်တိုက်ခိုက်မှုအန္တရာယ်ဖြစ်ပေါ်ရာတွင် ယာဉ်မောင်းမှ ယာဉ်ကို ကျွမ်းကျင်စွာ ထိန်းသိမ်းမောင်းနှင်နိုင်မှုမရှိခြင်း၊ အိပ်ငိုက်ခြင်း၊ ပေါ့ဆစွာ မောင်းနှင်ခြင်းကြောင့်သာ ဖြစ်ပါသည်။ ယာဉ်မောင်းများသည် မိမိမောင်းနှင်မည့်ယာဉ်ကို ကြိုတင်စစ်ဆေးမှုများ ပြုလုပ်သူ အလွန်နည်းပါးကြသည်။ ယာဉ်မောင်းမည်ဆိုလျှင် ကိုယ်နှင့်တစ်ပါတည်း သက်တမ်းရှိလိုင်စင်နှင့် ဝိုးတက်ရှိနေရမည်။

ရှေးယခင်က ယာဉ်မောင်းကြီးများသည် ချက်ပလက်ခေါင်းတို ကားအင်ဂျင်အဖုံးပေါ်တွင် ရေးထားသည်မှာ "သတိ ဆီ၊ ရေ၊ လေ၊ ဝိုင်"ဟူ၍ ဖြစ်သည်။ မိမိယာဉ်ကို ခရီးဝေးထွက်တော့မည်ဆိုလျှင် "ဆီ"ဟုဆိုရာ၌ လောင်စာဆီလုံလောက်မှု ရှိ/မရှိ၊ ဆီတိုင်ကီမှ အနံ့ထွက်ခြင်း ရှိ/မရှိ၊ အဖုံးလုံခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ "ရေ"ဟု ဆိုရာ၌ ကားရေတိုင်ကီ စိမ့်ယိုမှု ရှိ/မရှိ၊ ရေ ပြည့်/မပြည့်၊ ခုခေတ်အလိုအရ ယာဉ်ပေါ်ပါသူတို့ သောက်သုံးရန် ရေသန့်ဘူးဖြည့်တင်းခြင်း၊ "လေ"ဟု ဆိုရာ၌ ယာဉ်၏တာယာများ လေပေါင်လျော့လွန်းခြင်း၊ တင်းလွန်းခြင်း မဖြစ်စေရန် စစ်ဆေးခြင်း၊ အပိုတာယာ လေပေါင်စစ်ဆေးခြင်း၊ "ဝိုင်"ဟုဆိုရာ၌ အင်ဂျင်ဝိုင်၊ ဂီယာဝိုင်မှအစ ဘရိတ်ဆီအဆုံး၊ ဘီးဖြုတ်တံ၊ ပင့်မသည့် ဂျိုက်ပါမကျန် စစ်ဆေးသည့် အလေ့အထရှိကြရပါမည်။

ယနေ့ခေတ်ကာလ ယာဉ်မောင်းများသည် ယာဉ်မောင်းခြင်းကို စနစ်တကျသင်ကြားခြင်း နည်းပါးသဖြင့် ယာဉ်ကိုကျွမ်းကျင်စွာ မောင်းနှင်နိုင်မှုအားနည်းကြသည်။ ယာဉ်တိုက်ခိုက်မှုအန္တရာယ်ဖြစ်သူအများစုသည် သတ်မှတ်ယာဉ်မောင်းလိုင်စင်မရှိကြသူများ ဖြစ်နေကြသည်။ ယာဉ်

အိုယာဉ်ဟောင်းဖျက်သိမ်းပြီး ယာဉ်အသစ်များတင်သွင်းမှုမှစ၍ မော်တော်ယာဉ်များ ပေါများလာပြီး အိမ်ခြံမြေဝိုင်းကို ပိုင်းရောင်း၍ ကားဝယ်စီးကြသည်။ လယ်ကိုရောင်း၍ ကားဝယ်သူများလည်းရှိသည်။ ဘုရားဖူးရာသီ ကျောင်းပိတ်ရက်ရှည်တွင် ခရီးထွက်ကြသည့်အခါ ကြုံသလိုတက်မောင်းကြသူတွေလည်းရှိသည်။ အတွေ့အကြုံမရှိသဖြင့် ယာဉ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရခြင်းဖြစ်ပါသည်။

အမြန်လမ်းပေါ်တွင် လိုင်စင်စစ်ဆေးမှုမရှိသလောက်နည်းပါးသဖြင့် တိုးဂိတ်များတွင် လိုအပ်ပါက လိုင်စင်ပါ စစ်ဆေးသင့်ပါသည်။ အငှားယာဉ်များကို မောင်းနှင်သည့် ယာဉ်မောင်းများသည် ဂိတ်မှထွက်လျှင် သတ်မှတ်လိုင်စင်ရှိသူ ဟုတ်/ မဟုတ် အထူးကြပ်မတ်စစ်ဆေးသင့်ပါသည်။ အရန်ယာဉ်မောင်းကိုပါ စစ်ဆေးသင့်ပါသည်။ ထိုသို့စစ်ဆေးရာတွင် ဖြစ်နိုင်သရွေ့ ခရီးသည်များကို အနှောင့်အယှက်မဖြစ်ရန် မြန်ဆန်စွာစစ်ဆေးဖို့လည်း လိုအပ်မည်ဖြစ်ပါသည်။ (၁၁၅)မိုင်ကဲ့သို့ ရပ်နားစခန်းများတွင် ယာဉ်မောင်းအချို့ စု၍ အရက်သေစာ၊ ဘီယာသောက်စားခြင်း၊ ရသမျှအချိန်နှင့် အလောင်းအစားလုပ်၍ သူနားကြေး၊ ကိုယ်နားကြေးပြုလုပ်ကြခြင်း၊ များသောအားဖြင့် ဘတ်စ်ကားကြီးများတွင် ယာဉ်မောင်းသူမှ ယာဉ်အကူ၊ ယာဉ်နောက်လိုက်ကို ဆွေမျိုးမကင်းသူများအားခေါ်ထားပြီး လမ်းတွင် ပေးမောင်းခြင်း၊ အချို့ယာဉ်မောင်းများ လူစားဌားထည့်ခြင်း၊ ထိုသူမှာ လိုင်စင်မရှိခြင်း၊ အတွေ့အကြုံမရှိခြင်းတို့ကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်ရခြင်း ဖြစ်ကြောင်း ကြားသိရပါသည်။

များသောအားဖြင့် ယာဉ်တိုက်မှုဖြစ်ပြီးသည့်အခါ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များသည် ယာဉ်ကို ထားပြီး ထွက်ပြေးတိမ်းရှောင်ခြင်းသည် အလွန်ပင်နိမ့်ကျလွန်းသော စိတ်ဓာတ်ဖြစ်ပါသည်။ ဝိုင်းအရိုက်ခံရမှာ စိုးရိမ်၍ဟုအကြောင်းပြကြသော်လည်း ယာဉ်နှင့်ပတ်သက်၍ တာဝန်အရှိဆုံးသူတစ်ဦးအနေဖြင့် ယာဉ်ကိုစွန့်ခွာခြင်းမရှိဘဲ ခရီးသည်ဒဏ်ရာရသူတို့ကို ကူညီချင်စိတ်ထားရှိအောင် ထိုယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့အား အန္တရာယ်မပြုဘဲ အသိအမှတ်ပြုခြင်း၊ ကူညီခြင်းတို့ကို ဝိုင်းဝန်းဆောင်ရွက်သင့်ပါသည်။ ယခုအခါ ယာဉ်မောင်းများ၏ ထိုလိုအပ်ချက်များကြောင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်းလိုင်စင်ရယူရန် လျှောက်ထားသူတိုင်းအား စာမေးပွဲမေးခွန်းများတွင် အမြင်အာရုံစစ်ဆေးခြင်း၊ ကိုယ်လက်အင်္ဂါသန်စွမ်းမှု စစ်ဆေးခြင်း၊ ယာဉ်မောင်းဖြေဆိုသူ၏ စိတ်အခြေအနေ စစ်ဆေးခြင်း(စိတ်လိုက်မာန်ပါပြုမှု၊ ကိုယ်ရည်ကိုယ်သွေး၊ အရက်သောက်တတ်မှု)တို့အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရေးဖြေနှင့် လက်တွေ့ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးမှုများကို အထူးတင်းကြပ်စွာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါသည်။

ယာဉ်မောင်းများ အရည်အသွေးမြင့်မားရေးအတွက် ထိရောက်သော စစ်ဆေးမှုများ ဆောင်ရွက်နေသည့်အပြင် ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စိတ်ဓာတ်ပိုင်းဆိုင်ရာမြင့်မားရေး ပညာပေးဟောပြောမှုများ ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ အထူးသဖြင့် အငှားဘတ်စ်ကား ယာဉ်မောင်းသူများသည် ခရီးသည်အားလုံး၏အသက်ကို မိမိလက်ဝယ်တွင်ပိုက်၍ တာဝန်ယူထားရသည်ဟု ခံယူကြရပါမည်။ ခရီးစဉ်အစမှ ခရီးဆုံးသည့်တိုင်အောင် ခရီးသည်များ ဘေးမသီရန်မခဘဲ မောင်းနှင်ပို့ဆောင်နိုင်ခြင်းသည် ယာဉ်မောင်း၏ ထိုက်တန်သော တာဝန်ကျေမှုတစ်ရပ်ပင်ဖြစ်ပါသည်။

သို့အတွက် ခရီးစဉ်မတိုင်မီ လိုအပ်ချက်များ ကြိုတင်ပြင်ဆင်ခြင်း၊ ကျန်းမာရေးကောင်းအောင်၊ အိပ်ရေးဝအောင် နေထိုင်တတ်ခြင်း၊ ခရီးစဉ်တွင် လန်းဆန်းတက်ကြွစွာဖြင့် တာဝန်တစ်ရပ်ကို ပျော်ပျော်ရွှင်ရွှင် ထမ်းဆောင်တတ်သော အလေ့အကျင့်မျိုးရှိသည့် ယာဉ်မောင်းများ၊ အဆင့်အတန်းမြင့်သည့် ယာဉ်မောင်းများ ဖြစ်အောင် လေ့ကျင့်မွေးမြူသွားရမည်မှာ ယာဉ်လိုင်းအသီးသီး၏ မဖြစ်မနေလိုအပ်ချက်ဖြစ်နေပါသည်။ ယာဉ်အန္တရာယ်မဖြစ်အောင် မောင်းနှင်နိုင်သော ယာဉ်မောင်းကောင်းများကိုလည်း နှစ်အလိုက် ဆုချီးမြှင့်သွားသင့်ပါသည်။

ယာဉ်ပိုင်းချွတ်ယွင်းမှုအနေဖြင့် မော်တော်ယာဉ်၏ အောက်ပိုင်း တိုင်းရော့ဒ်၊ ဘောလ်ဂျိုင့်မှအစ တာယာအဆုံး လေပေါင်စစ်ဆေးခြင်း ပြုလုပ်ရပါမည်။ တာယာကို ပန်းတစ်ဝက်ခန့်ဖြင့် မသုံးသင့်ပါ။ ရက်လွန်၊ သက်တမ်းလွန် တိုက်ဆွေးတာယာများကို မသုံးသင့်ပါ။ ခရီးမိုင်အရှည်ကြီးကို လေပေါင်တင်းသည့်ကားဖြင့် အရှိန်မြင့်စွာမောင်းနှင်၍ကြာလာသည်နှင့်အမျှ တာယာအတွင်းရှိ လေသည် ပူ၍ပွလာပြီး တိုက်ဆွေးဆိုပါက ပွင့်ထွက်ခြင်း၊ ပါးသောတာယာဖြစ်ပါက ဒဏ်ရာရှိသောနေရာမှပေါက်ထွက်ခြင်းတို့ကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်ရပါသည်။

ထို့ပြင် ယာဉ်တွင်အသုံးပြုသော စက်သုံးဆီများသည် မီးကူးစက်လွယ်ကူသော အောက်တိန်းဆီများ အသုံးများလာပြီး အဲယားကွန်းကိုဖွင့်၊ မှန်ကို အလုံပိတ်မောင်းနေရာမှ အရှိန်မြင့်မှန်းမသိ မြင့်လာကာ ဝါယာရှော့ခ်တစ်ခုခုဖြစ်ရာမှ ကားမီးလောင်ကျွမ်းတတ်ခြင်း ဖြစ်တတ်ပါသည်။ ယာဉ်မောင်းသည် ယာဉ်မောင်းနှင်နေစဉ် နှာခေါင်းဖြင့် အနံ့ခံခြင်း(ဝါယာအညှော်၊ ဘရိတ်ရှုးငြိခြင်း)၊ နားဖြင့်အသံစွင့်ခြင်း (ပုံမှန်မဟုတ်သော အသံများ)၊ ခန္ဓာကိုယ်အထိအတွေ့(မောင်းနှင်နေသူမှ ယာဉ်၏တုန်ခါမှု၊ ဆောင့်မိမှုကို သိရှိခြင်း)တို့ကို သတိပြုသင့်ပါသည်။ ဖြစ်နိုင်လျှင် ယာဉ်ခရီးရှည်မောင်းပြီး မိုင် ၅၀/၆၀ ခန့်တွင် လမ်းဘေးချ၍ ယာဉ်အောက်ငုံ့ကြည့်စစ်ဆေးခြင်း၊ ဘီးတာယာများကို စစ်ဆေးခြင်းများ ဆောင်ရွက်သင့်ပါသည်။

အငှားယာဉ်များတွင် ခရီးသည်များအား အရေးပေါ်ထွက်ပေါက်ကို မည်သို့အသုံးပြုရမည်ကို ယာဉ်ပေါ်တက်ပါက ကြိုတင်ရှင်းပြသင့်ပါသည်။ မီးသတ်ဆေးဘူးကို မဖြစ်မနေထားရှိရမည်ဖြစ်ပါသည်။ တာဝန်ရှိသည့် ဌာနဆိုင်ရာများမှလည်း ခရီးသည်တင်ဘတ်စ်ကားယာဉ်များတွင် မီးသတ်ဆေးဘူးပါ၊ မပါစစ်ဆေးခြင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ◆

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၅

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ သွားရောက်၍ လိုဏ်ဂူတော်အတွင်း ခုံတန်းနေရာချထားမှု၊ ဝင်လမ်း၊ ထွက်လမ်းအဆင်ပြေမှုရှိအောင် ဆောင်ရွက်ထားရှိမှု၊ ဆွမ်းဆန်စိမ်းလောင်းလှူမည့် လမ်းကြောင်းနှင့် မဏ္ဍပ်နေရာချထားမှု၊ မုခ်ဦးများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိမိတို့ဆောင်ရွက်ပေးရမည့်ကိစ္စဟူသမျှကို ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဝင်းအတွင်းရှိ ဟံသာသီရိဧည့်ပါမောက္ခမဟာထေရ်ကြီးများ သီတင်းသုံးကျောင်းဆောင်များ၊ စိန်ဘရားသား ဆွမ်းစားကျောင်းဆောင်နှင့် စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ပရိဝုဏ်အတွင်းရှိ ဆရာတော်ကြီးများသီတင်းသုံးမည့် အရဟံဓမ္မာရုံ၊ တောင်တွင်းကြီးဓမ္မာရုံနှင့် သမ္မာသမ္ဗုဒ္ဓေါဓမ္မာရုံတို့သို့သွားရောက်၍ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ဆရာတော်ကြီးများသီတင်းသုံးရာ၌ လေဝင်၊လေထွက်ကောင်းမွန်ရေး၊ အလင်းရောင် ရရှိရေးနှင့် သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။**(ယာပုံ)**

ယင်းနောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဝင်းအတွင်း ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် သာသနဝိပုလကာရီမဟာသိမ်တော်ကြီး၌ကျင်းပသည့် ၂၀၁၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ၌ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ခံယူရရှိတော်မူခဲ့သည့် နိုင်ငံတော်ဩဝါဒါစရိယ သိင်္ဂုတ္တရပဝရ သိရီမဟာဓမ္မရာဇာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ခြောက်ထပ်ကြီးဘုရားကြီးတိုက် သိဂီြဦးတိုက်ကျောင်းသက်တော်ရှည် မဟာနာယက ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ မဟာထေရ်မြတ်အား ဂုဏ်ပြုပူဇော်သည့် အဘိဓဇဂုဏပူဇာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ဆရာတော်ကြီး၏တပည့်ဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်ကြီး၏ ဂုဏ်တော်တို့ကို ချီးကျူးပူဇော်ပြီး ဆရာတော်ဘုရားကြီး၏ တပည့်ဒကာများနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချအမျှပေးဝေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

မော်လမြိုင် မေ ၅

မွန်ပြည်နယ် မော်လမြိုင်မြို့ "ဂရုဏာစမ်းရေ"ဆင်းရဲနွမ်းပါးသူများအား ကျန်းမာရေးစောင့်ရှောက်ရန် ကူညီထောက်ပံ့ရေးအဖွဲ့၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့မှ အငြိမ်းစားမျက်စိအထူးကုဆရာဝန်ကြီးများ ဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာ ဦးကံညွန့်၊ ပါမောက္ခဒေါက်တာ ဦးသိန်းအောင် ခေါင်းဆောင်သော မျက်စိဆရာဝန် ငါးဦး၊ သူနာပြု ခုနစ်ဦးပါဝင်သော မျက်စိအထူးကုအဖွဲ့သည် မေ ၂ ရက်မှ ၄ ရက်အထိ မော်လမြိုင်မြို့ တောင်ဝိုင်း ခရစ်ယာန်သာသနာပြု အရေပြားအထူးကုဆေးရုံကြီး၌ မျက်စိဝေဒနာရှင် ၁၂၀၀ တို့အား အခမဲ့ကြည့်ရှုပေးခဲ့ပြီး အတွင်းတိမ်လူနာ ၁၃၁ ဦးအား အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြသည်။**(ဝဲပုံ)**

အဆိုပါ မျက်စိအထူးကုအဖွဲ့သို့ မော်လမြိုင်မြို့ ဝန်းကျင်ရှိ မြို့နယ်များဖြစ်သည့် ဘီလူးကျွန်း (ချောင်းဆုံ)၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက္ခမီနှင့် ပေါင်မြို့နယ်မှ မျက်စိဝေဒနာရှင်များ လာရောက်ပြသကြသည်။

ထိုသို့ ခွဲစိတ်ကုသမှုလုပ်ငန်းကို မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာဦးလှဦး၊ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးသန်းထွန်းအောင်၊ မွန်ပြည်နယ် ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ဦးကျော်ဇေယျ၊ တောင်ဝိုင်းအရေပြားရောဂါဆေးရုံအုပ်ကြီး ဒေါက်တာ ဦးချမ်းလွင်နှင့် ဆေးရုံဝန်ထမ်းများနှင့် ဂရုဏာစမ်းရေအဖွဲ့ဝင်များက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ အခမဲ့ကုသမှုကုန်ကျစရိတ်အဝဝကို ဂရုဏာစမ်းရေအဖွဲ့မှ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ကချင်ပြည်နယ် ထွေ/အုပ်မှ ဝန်ထမ်းနှစ်ဦးနှင့် အရပ်သားတစ်ဦး ကေအိုင်အေတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရ

နေပြည်တော် မေ ၅

မေ ၃ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒွမ်ဂမ်ကျေးရွာနှင့် လုံဂါဇွပ်ကျေးရွာအကြားရှိ ဧရာဝတီမြစ်ကမ်းသို့ အပန်းဖြေလာရောက်သည့် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းနှစ်ဦးနှင့် အရပ်သားတစ်ဦးတို့အား ကေအိုင်အေတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့်ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁၄ ဦးနှင့် ၎င်းတို့၏သူငယ်ချင်း ခြောက်ဦးတို့သည် လုံဂါဇွပ်ကျေးရွာအနီးရှိ ဧရာဝတီမြစ်ကမ်း(ဒေသအခေါ် ကချင်ချောင်းသာ)သို့ သွားရောက်လည်ပတ်ရန် မြစ်ကြီးနားမြို့မှ ဆိုင်ကယ်များဖြင့်ထွက်ခွာလာစဉ် အာလမ်ကျေးရွာအုပ်စု ဒွမ်ဂမ်ကျေးရွာနှင့် လုံဂါဇွပ်ကျေးရွာကြား နယူးရတနာဦးရော်ဘာခြံအနီး အရောက်တွင် ရှေ့ဆုံးမှသွားနေသော အငယ်တန်းစာရေး ဦးဖြိုးဖြိုးနှင့် ယာဉ်မောင်း(၅) ဦးမုန်ခမ်းနော်တို့စီးလာသောဆိုင်ကယ်အား အရပ်ဝတ် ဝတ်ထားသော ကေအိုင်အေတပ်ဖွဲ့ဝင်ခြောက်ဦးက လမ်းပေါ်တွင် ဝါးလုံးဖြင့်တား၍ ရပ်တန့်စေခဲ့ပြီး လမ်း၏ဘယ်ဘက်ရှိ ရော်ဘာခြံအတွင်းသို့ မောင်းဝင်စေခဲ့ကြောင်း၊ အလားတူ အခြားသောအရပ်သားတစ်ဦး၏ဆိုင်ကယ်ကိုလည်း မောင်းဝင်စေသည်ကို တွေ့ရှိရသဖြင့် နောက်မှလိုက်ပါလာသူတို့က ရော်ဘာခြံအတွင်းလိုက်လံကြည့်ရှုပြီးမေးမြန်းစုံစမ်းရာ မိမိတို့အဖွဲ့မှ ဝန်ထမ်းနှစ်ဦးနှင့် အခြားအရပ်သားတစ်ဦးတို့အား ကြိုးတုပ်၍ အနောက်ဘက်ရှိ အင်ခိုင်ဘွမ်တောင်ခြေဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း သိရှိရသည်။

ဖမ်းဆီးခေါ်ဆောင်သွားသူများအား ပြန်လည်လွတ်မြောက်ရေးအတွက် ပြည်နယ်အစိုးရက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ နိုင်ငံတော်မှ

ရှေးဦးစွာ အခမ်းအနားတွင် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်က နယ်ခြားစောင့်တပ်များ၏ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဝင်များအား ဂုဏ်ထူးဆောင်ပြန်တမ်းဝင်အရာရှိ ခန့်အပ်သည့် အမိန့်များအား ဖတ်ကြားတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းတို့က နယ်ခြားစောင့်တပ်များ၏ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဝင်များဖြစ်သော ဦးဝေဆန်း၊ ဦးထွန်းကျော်နှင့် ဦးစောထွန်းလှိုင်တို့အား ဂုဏ်ထူးဆောင်အဆင့်တံဆိပ်များ တပ်ဆင်ပေးကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်လွှာများပေးအပ်သည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်တို့က ဦးစောချစ်သူအားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး လှမင်းတို့က ဦးကိုကိုဝင်း၊ ဦးစောကျော်ထူး၊ ဦးစောကြာအင်း၊ ဦးစောကျော်မြင့်နှင့် ဦးစောဒေါဒေါတို့အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ဗိုလ်ချုပ်မြထွန်းဦးတို့က ဦးစောအောင်ချစ်၊ ဦးစောကြည်လင်း၊ ဦးမန်းကြာအေး၊ ဦးမန်းစောရွှေ၊ ဦးစောထက်ဝင်းနှင့် ဦးစောထွန်းအောင်တို့အားလည်းကောင်း ဂုဏ်ထူးဆောင်အဆင့်တံဆိပ်များ တပ်ဆင်ပေးကြပြီး ခန့်အပ်လွှာများပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နိုင်ငံတော်နှင့်တပ်မတော်အပေါ်တွင် သစ္စာရှိရှိနှင့် ရိုးသားဖြူစင်စွာတာဝန်ထမ်းဆောင်ခဲ့ကြသော နယ်ခြားစောင့်တပ်များ၏ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဝင်များအား ဂုဏ်ထူးဆောင်ပြန်တမ်းဝင်အရာရှိများအဖြစ် ထိုက်ထိုက်တန်တန်ချီးမြှင့်ခန့်အပ်သည့်နေ့ဖြစ်သဖြင့် မင်္ဂလာ...

...သည့် တပ်မတော်သည် ကိုလိုနီနယ်ချဲ့များနှင့် ဖက်ဆစ်ဂျပန်များ၏ နည်းမျိုးစုံဖြင့် ဖိနှိပ်မှုများကို တွန်းလှန်ခဲ့ပြီး တိုင်းရင်းသားပြည်သူလူထု၏ အပြည့်အဝ အားပေးထောက်ခံမှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံတော်၏ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း။

လွတ်လပ်ပြီးစ မြန်မာနိုင်ငံသည် ကိုလိုနီစနစ်၏ သွေးခွဲအုပ်ချုပ်ခဲ့မှု ဆိုးမွေကြောင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲမှုမှ ပေါ်ပေါက်လာသည့် သဘောထားကွဲလွဲမှုများ၊ အယူဝါဒကွဲပြားမှုများ၊ တိုင်းရင်းသားရေးရာအမြင်လွဲမှားမှုများ၊ ပြည်ပလှုံ့ဆော်မှုများကြောင့် နိုင်ငံရေးပဋိပက္ခမှသည် လူမျိုးရေးပဋိပက္ခ၊ ဘာသာရေးပဋိပက္ခ၊ ဂိုဏ်းဂဏဆိုင်ရာပဋိပက္ခများစွာဖြစ်ပေါ်လာခဲ့ကြောင်း၊ နိုင်ငံတော်တွင် ထိုကဲ့သို့ပဋိပက္ခများနှင့် ရင်ဆိုင်ရသည့်အချိန်တွင်လည်း တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထူထောင်ထားသည့် တပ်မတော်သည် မည်သည့်ဘက်ကိုမျှ ယိမ်းယိုင်လိုက်ပါမှုမရှိဘဲ နိုင်ငံတော်၏ မျက်နှာတစ်ခုတည်းကိုသာကြည့်ပြီး ပြည်သူ့ဘက်မှ မားမားမတ်မတ်ရပ်တည်ပေးခဲ့ကြောင်း၊ နိုင်ငံရေးမငြိမ်မသက်မှုနှင့် ပြည်တွင်းပဋိပက္ခများကြောင့် အခြေအနေယိမ်းယိုင်မှုကို အခွင့်ကောင်းယူပြီး အချိန်ကိုက်ဆောင်ရွက်လာသည့် ပြည်ပကျူးကျော်မှုများကိုလည်း အသက်ခန္ဓာစွန့်လွှတ်ပေးဆပ်မှုများစွာဖြင့် ရှုပ်ရှုပ်ချွံချွံ တွန်းလှန်ကာကွယ်နိုင်ခဲ့ကြောင်း။

တိုင်းရင်းသားမျိုးနွယ်စုများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံသည် ခေတ်ကာလအဆက်ဆက်တွင်လည်း ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်နှင့် အချုပ်အခြာအာဏာထိပါးဆုံးရှုံးမည့် အခြေအနေများစွာနှင့် ယင်းတွေ့ကြုံရင်ဆိုင်ရသည့်အချိန်တိုင်းတွင်လည်း နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ယိမ်းယိုင်ပြိုလဲခြင်းမရှိအောင် တပ်မတော်ကပင် ဦးစီးဦးဆောင်ပြုပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည်မှာ အများနှင့်မတူနိုင်သည့် မိမိတို့နိုင်ငံ၏ ထူးခြားမှုသမိုင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်၏သမိုင်းနှင့်ယှဉ်ပြီး တပ်မတော်ဖြတ်သန်းခဲ့ရသည့်သမိုင်းကို ပြန်လည်ပြောဆိုနေခြင်းသည် တပ်မတော်၏ဂုဏ်ပုဒ်များကို ဖော်ထုတ်...

နေပြည်တော်၌ မြန်မာ့ရိုးရာလက်မှုအနုပညာပြပွဲ ခင်းကျင်းပြသမည်

နေပြည်တော် မေ ၅

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၆

၂၀၁၄ ခုနှစ် မေ ၆ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အစ္စရေးနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဗစ် ဒေါ လီဘာမန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ထူးချွန်မောင်မယ်များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၅

နေပြည်တော်ဘူတာသို့ ရောက်ရှိနေသော ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ၊ ကင်းထောက် လူငယ်မောင်မယ်များနှင့် ထူးချွန်...

...နှင့် မန္တလေးခရီးစဉ်၌ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ လမ်းခရီး၌ လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေးအတွက် နေပြည်တော်မှ ရန်ကုန်သို့ထွက်ခွာမည့်အင်အား...

ပြည်ထောင်စုဝန်ကြီးသည် အထူးရထားပေါ်တွင် လိုက်ပါလာကြသော လူငယ်မောင်မယ်များအား လိုက်လံအားပေးနှုတ်ဆက်ခဲ့သည်။ ထို့နောက် လူငယ်မောင်မယ်များသည် အထူးရထားပေါ်တွင် ပျော်ရွှင်စွာဖြင့် သီချင်းများ သီဆိုခဲ့ကြသည်။ နေပြည်တော်-ရန်ကုန်လမ်း တစ်လျှောက်ဘူတာများတွင် အိုးစည်၊ ဗိုးပတ်အကများဖြင့် ကြိုဆိုခဲ့ပြီး သတ်မှတ်ခရီးရောက်...

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် အင်အားပြင်းထန်သည့် ငလျင်လှုပ်၊ လမ်းနှင့် နံရံများပြိုကျပျက်စီး

ဗန်ကောက် မေ ၅

အေဝိုင်

(၁၀၀)ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် နှစ်မျိုးရောင်းချမည်

နေပြည်တော် မေ ၅

(သတင်းစဉ်)

❐ ကသပေါင်းငါးမှ

(မြဝတီ)

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ... (သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

နေပြည်တော် မေ ၅

(သတင်းစဉ်)

သောက်သုံးရေပြတ်လပ်ပြီး အခက်အခဲဖြစ်နေသော ကျေးရွာသို့ ရေလှူပွဲနှင့် ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ကာလပေး

စစ်ကိုင်း မေ ၅

ထွေးမြင့်နိုင်(စစ်ကိုင်း)

◆ **စာမျက်နှာ ၆ မှ**

ရောင်းချပေးခြင်း၊ မလိုက်နာပါက ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်သင့်ပါသည်။

ရာသီဥတုကြောင့်ဟုဆိုရာ၌ မိုးရာသီကာလတွင် မိုးများရွာသွန်းမှုကြောင့် မြင်ကွင်းမရှင်းခြင်း၊ လမ်းပေါ်တင်နေသည့် မိုးရေများသည် အရှိန်ဖြင့်လာသော မော်တော်ယာဉ်ကို ဘော်လီဘောပုတ်သကဲ့သို့ လွင့်စဉ်သွားနိုင်ခြင်းကြောင့် ထိန်းချုပ်ရအလွန်ခက်ခဲကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် ဆောင်းတွင်းကာလ မြူနှင်းများကျချိန်တွင် မီးမပါ၊ ရောင်ပြန်မပါသော ဆိုင်ကယ်၊ ထော်လာဂျီ၊ စက်ဘီး၊ လူ၊ တိရစ္ဆာန်တို့ကြောင့် ယာဉ်တိုက်မှု အန္တရာယ်ဖြစ်ပေါ်စေနိုင်သဖြင့် မီးကြီးဖွင့် အထူးသတိပြုမောင်းနှင်သင့်ပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရပါလျှင် ကျွန်တော်တို့ငယ်ငယ်က အမြန်လမ်းမရှိခင် ရန်ကုန်မှ မန္တလေးလမ်းဟောင်းအတိုင်း သွားခဲ့ရပါသည်။ လူကိုရှောင်၊ ဆိုက်ကားရှောင်၊ ချိုင့်ကိုရှောင်၍ တစ်နေကုန်အောင်မောင်းသော်လည်း ခရီးမတွင်ခဲ့ပါ။ ယနေ့ခေတ်ကာလ လမ်းပန်းဆက်သွယ်မှုကဏ္ဍတွင် သိသိသာသာ တိုးတက်ကောင်းမွန်ခဲ့ပါသည်။ အချိန်အခါ နေ့ညမရွေး လမ်းများကောင်းသည့်အတွက် ခရီးထွက်နိုင်ကြပါသည်။

တိုးတက်မှုနှင့်အတူ တွဲပါလာသည့် နောက်ဆက်တွဲ ယာဉ်အန္တရာယ်ဖြစ်ပေါ်မှုများသည် ယာဉ်ကို ကြိုတင်စစ်ဆေးမှုအားနည်းခြင်း၊ ကျွမ်းကျင်မှုမရှိဘဲမောင်းနှင်ခြင်း၊ ကားမောင်းနေစဉ် ဖုန်းပြောခြင်း၊ အိပ်ငိုက်ခြင်း၊ အတွေ့အကြုံနည်းပါးခြင်း၊ သတိတရားဖြင့် ထိန်းချုပ်မောင်းနှင်မှုမရှိခြင်း (အရှိန်လွန်မောင်းနှင်ခြင်း)စသည်တို့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၌ သတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။ အမြန်လမ်းမကြီးပေါ်တွင်လည်း ကီလိုမီတာ ၁၀၀၊ မိုင် ၆၀ နှုန်းထက် ပိုမမောင်းရန်၊ ပိုမောင်းပါက အန္တရာယ်ရှိကြောင်း သတိပေးဆိုင်းဘုတ်များရေးသား၍ လည်းကောင်း၊ ယာဉ်မောင်းများ မအိပ်ငိုက်မိစေရန်နှင့် အရှိန်ပြင်းနေမှုကို အသံဖြင့် သတိပေးသည့် Rumble Strip, Slow Down များဖြင့် လည်းကောင်း၊ ရံဖန်ရံခါ အမြန်နှုန်းပိုမောင်းခြင်းကို ရှောင်တခင်ဗီဒီယိုရိုက်စစ်ဆေးခြင်းအားဖြင့် လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။ သကြံန်ကာလ အမြန်လမ်းကို ဖြတ်သန်းအသုံးပြုသည့် ယာဉ်စီးရေ များပြားချိန်တွင် စည်းကမ်းလိုက်နာမှု အားနည်းခဲ့မှုများကြောင့် ယာဉ်ထိခိုက်မှု အန္တရာယ်များ ဆက်တိုက်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတကြီးက အမြန်လမ်းမကြီးနှင့်ပတ်သက်၍ ယာဉ်တိမ်းမှောက်မှုလျော့နည်းရေးအတွက် ဗဟိုကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဖြင့် စနစ်တကျကြပ်မတ်ရန် လမ်းညွှန်ခဲ့ပါသည်။ ထို့ကြောင့်ပင် ၂၅-၄-၂၀၁၄ ရက်နေ့တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးညှိနှိုင်းအစည်းအဝေးတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်တို့နှင့်အတူ အမြန်လမ်းနှင့်ပတ်သက်သော လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အဓိကရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်မှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး(Road Safety)ဖြစ်ပါသည်။ အမြန်လမ်း၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်မောင်းများအပိုင်းမှ အထက်တင်ပြပါ သတိပြုရမည့်အချက်များကို ကြိုးစား၍ ဂရုပြုလိုက်နာ မောင်းနှင်ကူညီခြင်းဖြင့်လည်းကောင်း၊ တာဝန်ရှိအဖွဲ့အစည်းများမှ စနစ်တကျ ကြိုတင်တွက်ဆ၍ တိုးဂိတ်များတွင် စစ်ဆေးခြင်း၊ ကြီးကြပ်ထိန်းသိမ်းပေးခြင်း ခရီးလမ်းပန်း အဆင်ပြေချောမွေ့စေရေးကို စုပေါင်းဆောင်ရွက်ခြင်းဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုအန္တရာယ်များ လျော့ပါးသွားမည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

၁၉၇၀ ခုနှစ်ဝန်းကျင်က ရေဒီယိုမှလာသော ယာဉ်စည်းကမ်း သီချင်းလေး တစ်ပုဒ်ကို ကျွန်တော် သတိရမိပါသည်-

❡ ယာဉ်အန္တရာယ် စုပေါင်းကာကွယ်ပါမည် .... ❡
❡ လမ်းစည်းကမ်းကို လိုက်နာဖို့ လိုပါသည် --- ❡
❡ယာဉ်စည်းကမ်းကို လိုက်နာဖို့ လိုပါသည် --- ❡
❡ ကျွန်တော်တို့လည်း တာဝန်ရှိပါသည် ---ဝိုင်းဝန်းကာကူညီ--- ❡
❡ ကျွန်မတို့လည်း တာဝန်ရှိပါသည် --- ဝိုင်းဝန်းကာ ကူညီ---❡ ❡ ❡

မဟာမုနိရုပ်ရှင်တော်မြတ်ပရိဝုဏ်အတွင်း အင်တာနက် အခမဲ့အသုံးပြုနိုင်

မန္တလေး မေ ၅

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာမုနိရုပ်ရှင်တော်မြတ်ပရိဝုဏ်အတွင်း အင်တာနက်အခမဲ့ သုံးစွဲနိုင်ရန် Red Link Communication Co., Ltd. က ဧပြီ ၃၀ ရက်က တပ်ဆင်လှူဒါန်းခဲ့ကြောင်း သိရသည်။

Red Link ကုမ္ပဏီအနေဖြင့် မန္တလေးမြို့တွင် ပထမဆုံးတပ်ဆင်လှူဒါန်းခြင်းဖြစ်ပြီး ဘုရားဖူးပြည်သူ ၅၀၀ အထိ တစ်ပြိုင်နက်အသုံးပြုနိုင်ကာ လူတစ်ဦးချင်း 512 GB အထိ သုံးစွဲနိုင်သည်။ မဟာမုနိဘုရား ရင်ပြင်၊ လိပ်ကန်ဝန်းကျင်အထိ wifi free zone အဖြစ် အသုံးပြုနိုင်သည်။ Red Link ကုမ္ပဏီအနေဖြင့် မန္တလေးတက္ကသိုလ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင်လည်း ဆက်လက်တပ်ဆင်ပေးသွားရန်ရှိကြောင်း သိရသည်။

မဟာမုနိဘုရားကြီးအတွင်း အင်တာနက်ဝိုင်ဖိုင် အခမဲ့သုံးစွဲနိုင်ရန် Myanmar Crystal Shine ကုမ္ပဏီ က ၂၀၁၃ ခုနှစ်က လှူဒါန်းခဲ့ဖူးပြီး Red Link ကုမ္ပဏီက ဒုတိယမြောက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ညောင်လေးပင် မေ ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ (၆၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးငွေထွန်း၊ သန္နွေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့သည် မေ ၂ ရက် နံနက် ၇ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အမှိုက်၊ ချုံနွယ်၊ မြက်ပင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် မြို့မ(၃)ရပ်ကွက်အတွင်းရှိ ဆေးရုံဟောင်းလမ်းနေ လူနေအိမ် ၁၀၅ လုံးတွင် မီးသုံးစွဲမှု စနစ်တကျသုံးစွဲရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခင်မောင်လွင်)**

တန်ဖိုးနည်းအိမ်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ အဆောက်အအုံများပြည့်စုံနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်

မြစ်ကြီးနား မေ ၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု အင်ခိုင်ဘွမ်တောင်ခြေရှိ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွင် လူနေအိမ်များအပြင် ပြည်သူများအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး အဆောက်အအုံများနှင့် အားကစားကွင်း၊ ပန်းခြံများပါ ပါရှိရေးတို့အတွက် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးအလေးပါ၊ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာတို့သည် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၃ ရက် နံနက်ပိုင်းတွင် အဆိုပါတန်ဖိုးနည်းအိမ်ရာစီမံကိန်း၌ လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းတန်ဖိုးနည်းအိမ်ရာကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လူနေအိမ် ၂၀၀ နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၆၈ လုံး စုစုပေါင်း ၂၆၈ လုံး တို့ကိုဆောက်လုပ်ပြီးစီးခဲ့ပြီး ခြံဝင်းအကျယ် ပေ ၆၀ × ပေ ၈၀ ရှိကာ တိုက်နယ်ဆေးရုံ၊ အားကစားကွင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့အပြင် ပန်းခြံနှင့် ကျေးရွာဈေးတို့ကိုပါ ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ယင်းအိမ်ရာကို ငွေပျော်စံပြကျေးရွာဟု အမည်ပေးထားကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

လူပျောက်ကြော်ငြာ

သားကြီး(ခ)မောင်ငြိမ်းထက်အောင် အမြန်ပြန်လာဖို့ မိဘနှင့် ဇနီးမယား၊ သားသမီးများ စိတ်ပူနေပါသည်။ လက်ခံထားသူအား တရားဥပဒေအရ အရေးယူခြင်းခံရမည်။

ဦးအောင်ဝင်း(ဖုန်း- ၀၉၇၃၆၃၁၅၂၃)

အမည်ဖြည့်စွက်ခြင်း

ဦးလီဖူး၏သမီး မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်၊ နယ်မြေ(၃)နေ ကျွန်မ မဝတ်ရီ[၁/မကန(နိုင်)၀၃၃၇၄၅]အား မဝတ်ရီ(ခ)ထားထားလှိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မဝတ်ရီ(ခ)ထားထားလှိုင်

အမြို့မြို့ အနယ်နယ်သတင်း

ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းဖွင့်လှစ်

နေပြည်တော် မေ ၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက် ၂၀၁၃-၂၀၁၄ အတွင်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း ကျေးရွာ ၁၃ ရွာအတွက် ကျေးရွာချင်းဆက်လမ်း ခုနစ်လမ်း ဖောက်လုပ်ပြီးစီးခဲ့ရာ လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာရှိ ကျည်တောင်-ကျောက်ချက်-သာယာကုန်းရွာချင်းဆက် ကုန်ထုတ်လမ်းပေါ်၌ ကျင်းပသည်။

လမ်းသစ်ဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် ကျောက်ချက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျေးရွာသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ကျေးရွာချင်းဆက်လမ်းသစ်များကို နေပြည်တော်ကောင်စီနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် Moon Ray Co., Ltd မှ တာဝန်ယူဖောက်လုပ်ခဲ့ပြီး မြေသားလမ်း ၉ ဒသမ ၅၆ မိုင်နှင့် ကျောက်ချောလမ်း ၁ ဒသမ ၂၃ မိုင်ဖြစ်ပြီး ကျေးရွာစာကြည့်တိုက် သုံးခုအပါအဝင် ကုန်ကျသည့် တန်ဖိုးငွေကျပ် ၂၆၂ ဒသမ ၂၂ သန်း ဖြစ်ကြောင်း သိရသည်။ ယခင်က လမ်းမရှိဘဲ နွေရာသီနှင့် ဆောင်းရာသီတွင် ကန်သင်းရိုးနှင့် စိုက်ခင်းများကြားမှ သွားလာရသကဲ့သို့ မိုးရာသီတွင် ဖြတ်သန်းသွားလာမရတော့သည့် အခြေအနေမျိုးရှိရာ ကျေးရွာနေပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းများအတွက် အဟန့်အတားဖြစ်ခဲ့မှုကြောင့် ယခု ကျေးရွာချင်းဆက်လမ်းများမှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းပေါ်သို့ ချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သလို**(အောက်ပုံ)**ဒေသထွက်ကုန်များကိုလည်း သယ်ယူပို့ဆောင်စရိတ်သက်သာလာစေသဖြင့် ဝမ်းမြောက်ကြကြောင်း၊ လမ်းသစ်ဖောက်လုပ်ရန်လိုအပ်နေသည့် ကျန်ရှိကျေးရွာများမှလည်း ကျေးရွာချင်းဆက်လမ်းခင်းပေးရန် လိုလားကြကြောင်း သိရသည်။ **(ကိုကိုနေ)**

တပ်ကုန်းမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

တပ်ကုန်း မေ ၅

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လမ်းညွှန်ချက်အရ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ဥတ္တရခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဦးစီးဖွင့်လှစ်ကျင်းပသည့် အခြေခံစက်ချုပ်သင်တန်း (၁/၂၀၁၄) ဖွင့်ပွဲကို မေ ၅ ရက်က တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်မွန်မွန်အောင်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်၍ သင်တန်းကာလမှာ မေ ၅ ရက်မှ ဇွန် ၅ ရက်အထိ တစ်လပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။**(အပေါ်ပုံ)** **(၉၂)**

ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့မရဲစခန်းဝင်းရှိ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ မွမ်းမံသင်တန်းကျောင်း ရဲကျော်စွာခန်းမ၌ မေ ၅ ရက် နံနက် ၉ နာရီတွင် EU (ဥရောပသမဂ္ဂ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်သင်တန်း အမှတ်စဉ် (၄/ ၂၀၁၄)နှင့် (၅/ ၂၀၁၄)ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့(၂) မှ ရဲမှူးကြီးချစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ တိုင်းအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးမျိုးမင်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ EU မှ Mr. David Hamilton, Mr. Andy, Mr. Sted, Mr. Trevor နှင့် Ms. Frances Nolan၊ သတင်းရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့နှင့် စည်ပင်သာယာရဲတပ်ဖွဲ့တို့မှ ရဲမှူး (ဦးစီး)များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စမ်းချောင်းမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ TOT သင်တန်းဆင်း နည်းပြအရာရှိများ၊ သင်တန်းသား ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က အမှာစကား ပြောကြားပြီး EU မှ Mr. David က ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းအမှတ်စဉ်(၄/၂၀၁၄)ကို မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့၌ မေ ၃၀ ရက်အထိ သင်တန်းသား ရဲအရာရှိ ၁၂ ဦးဖြင့် လည်းကောင်း၊ သင်တန်းအမှတ်စဉ် (၅/၂၀၁၄)ကို စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့၌ မေ ၃၀ ရက်အထိ သင်တန်းသား အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၁၂ ဦးဖြင့် လည်းကောင်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စဉ့်ကိုင်မြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် နှမ်းခင်းများပျက်စီး

စဉ့်ကိုင် မေ ၅

စဉ့်ကိုင်မြို့နယ်၌ ဧပြီ ၂၆၊ ၂၈၊ ၂၉ ရက်တို့တွင် မိုးသက်လေပြင်းများ ကျရောက်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် နှမ်းခင်းများ ပျက်စီးမှုဖြစ်ခဲ့သော်လည်း မိုးကြိုစပါးစိုက်ခင်းများ အထူးဖြစ်ထွန်းအောင်မြင်ခဲ့ကြောင်း သိရသည်။

"ပထမ ဧပြီ ၂၆ ရက်မှာ လေပြင်းနဲ့အတူ မိုးတွေရွာတော့ ဝမ်းသာနေတာ။ နှမ်းခင်းတွေက မိုးလိုနေတာဆိုတော့ မိုးရွာပြီး ဧပြီ ၂၇ ရက်မှာ လယ်ထဲလှည့်ပတ်ကြည့်တော့ အားရစရာပါပဲ။ ငါတို့တော့ ဒီနှစ် ထောပြီလို့ထင်ထားတာ။ ဒါပေမယ့် ဧပြီ ၂၈၊ ၂၉ ရက်တွေမှာ နှစ်ရက်ဆက်ပြီး မိုးကြီးလိုက်တာ နှမ်းခင်းထဲမှာ ရေတွေ ဝပ်ကုန်တယ်။ နောက်ရက်တွေမှာ နေပြင်းပြင်း နှစ်ရက်လောက်ပူအပြီး ခေါင်ညွန့်တွေ ငိုက်ကျပြီး သေကုန်ကျတယ်။ ဒါကြောင့် နှမ်းဆိုတာ ကံသီးကံပင်လို့ခေါ်တာပေါ့"ဟု တောမကွင်းမှ တောင်သူတစ်ဦးက ပြောပြသည်။

"ကျွန်တော်တို့ မိုးကြိုစပါးတွေကတော့ အကြိုက်ပါပဲ။ မိုးသက်လေပြင်းကျပေမယ့် မိုးသီးမပါတော့ စပါးပင်တွေမှာ ဘာမှထိခိုက်ပျက်စီးမှု မရှိပါဘူး။ နောက်ပြီး စပါးပင်တွေအနေနဲ့ ဆည်ရေသောက်ရတာနဲ့ မိုးရေသောက်ရတာ မတူပါဘူး။ မိုးရေဝအောင် သောက်လိုက်ရတဲ့အတွက် မိုးရွာပြီး နှစ်ရက်သုံးရက်ရတာနဲ့ စပါးခင်းဟာ အရင်လိုဖက်ဖူးစိမ်းရောင် မဟုတ်တော့ဘဲ စိမ်းညို့ဖြစ်ထွန်းလာတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း 'ရေတစ်အိုး၊ မိုးတစ်ပေါက်'လို့ အဆိုရှိတာပါ။ ဒီနှစ်ကျွန်တော်တို့ မိုးကြိုစပါးတွေဟာ နောက်ထပ်အဖျက်အဆီး မကြုံရဘူးဆိုရင် အထွက်နှုန်းကောင်းဖို့ သေချာပါတယ်"ဟု မိုးကြိုစပါးဧက ၂၀ ကျော်စိုက်ပျိုးထားသူ တောင်သူတစ်ဦးက ပြောပြသည်။ **အောင်မင်း(စဉ့်ကိုင်)**

ပုဂံ-ညောင်ဦးဒေသသည် ပူပြင်းခြောက်သွေ့သော မိုးနည်းဒေသဖြစ်သည့်အလျောက် ယခုနှစ်နွေရာသီကာလတွင် အပူချိန်လွန်ကဲမှုဖြစ်ပေါ်လျက်ရှိရာ ညောင်ဦးမြို့ အမှတ်(၄)ရပ်ကွက် တိုက်ကုန်းရပ်တွင် မိုးခေါ်လွန်ဆွဲပွဲများကို ကန်တော့ပွဲထိုး၊ အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် ကျင်းပလျက်ရှိရာ ကလေးလူကြီးမရွေး ပါဝင်ဆင်နွှဲနေသည်ကို တွေ့ရသည်။

ရဲသူရအောင်(ညောင်ဦး)

COHABO

သတိပြု

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်မည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်းခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ပစ္စည်းများကို(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်	
၁။	(က) ၆"-၉"ကျောက်	၂၉၄၀. ၂၇	ကျင်း
	(ခ) ၂"-၄"ကျောက်	၂၉၆၆. ၅	ကျင်း
	(ဂ) ၁"-၂"ကျောက်	၉၂၂. ၀၅	ကျင်း
	(ဃ) ၁/၄"-၃/၄"ကျောက်	၄၁၈. ၄၇	ကျင်း
	(င) ၁/၈"-၃/၈"ကျောက်	၉	ကျင်း
	(စ) အုတ်	၅၃၆၉၀၈	ချပ်

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၂-၅-၂၀၁၄ရက်

တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၅-၅-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ် သိလိုသည့်အချက်များကို ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ကသာမြို့။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ

ဖုန်း- ၀၇၅-၂၅၀၄၈

ရုပ်ရှင်ရုံသစ် စတင်ဖွင့်လှစ်ပြသ

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး လှူစည်ကားရာ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့်အနော်ရထာလမ်းထောင့်ရှိ ခေတ်မီလှပသော MINGALAR SAN PYA CINEPLEX ရုပ်ရှင်ရုံသစ်ဖွင့်ပွဲကို မေ ၃ ရက်က အဆိုပါ ရုပ်ရှင်ရုံ၌ ကျင်းပသည်။

အဆိုပါ ရုပ်ရှင်ရုံသစ်မှာ မင်္ဂလာကုမ္ပဏီ၏ (၁၁)ခုမြောက် နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ရုံကြီးဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာ 2D, 3D ဖြင့် ငွေရောင်ပိတ်ကားအပေါ်၌ ရုပ်လုံးကြွကာ ရုပ်ရှင်ရိုက်မြင်ကွင်းကဲ့သို့ အနီးကပ် ကြည့်ရှုနိုင်ပြီး အသံပိုင်းဆိုင်ရာများကိုလည်း ရုပ်ရှင်ရုံပတ်လည်၌ အနီးကပ်ဆုံး စနစ်တကျ ကြားရမည်ဖြစ်ကြောင်း၊ ယင်းရုပ်ရှင်ရုံကြီးတွင် ရုပ်ရှင်ရုံသုံးရုံပါဝင် ဖွဲ့စည်းထားပြီး တစ်ရုံတွင် ထိုင်ခုံ ၁၅၀ ပါရှိပြီး စုစုပေါင်း ထိုင်ခုံ ၄၅၀ ရှိကြောင်း။

2D အတွက် လက်မှတ်ဈေးနှုန်းမှာ ကျပ် ၁၀၀၀၊ ၂၀၀၀၊ ၃၀၀၀ဖြစ်ပြီး 3D အတွက် ကျပ် ၁၅၀၀၊ ကျပ် ၃၀၀၀၊ ကျပ် ၄၀၀၀ သတ်မှတ်ထားကာ နေ့စဉ်ပုံမှန် ပွဲချိန်ငါးပွဲ ပြသမည်ဖြစ်သည်။

အထူးသဖြင့် ရုပ်ရှင်ကြည့် ပရိသတ်များ၏အကြိုက် ရုပ်ရှင်ကားများအကြံပြုတောင်းဆိုမှုအပေါ် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(ကျော်ဗိုလ်ဝင်း)

နဝမအကြိမ် သုတစွယ်စုံစာပေဆု ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၅

စွယ်စုံမီဒီယာဂရု(ပ်) (Swe Sone Media Group)၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် နဝမအကြိမ် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က မေ ၄ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများမှာ သုတစွယ်စုံတစ်သက်တာစာပေဆုအတွက် ဦးခင်မောင်လေး (ဆရာဖိုးသောကြာ-ခေတ်+မိုး)၊ အတ္ထုပ္ပတ္တိစာပေ ဘာသာရပ်အတွက် တက္ကသိုလ်စိန်တင်၏ "မြန်မာ့လွတ်လပ်ရေးခရီးနှင့် ဦးနု"၊ နိုင်ငံရေးစာပေဘာသာရပ်အတွက် တင်ညွန့်၏ "ဒီမိုကရေစီပါရာဒိုင်း"၊ လူငယ်စာပေဘာသာရပ်အတွက် ဒေါက်တာခင်မောင်ညို၏ "အောင်မြင်မှုဆီသို့"၊ စာပဒေသာဘာသာရပ်အတွက် တင်နိုင်တိုး၏ "ပုဂ္ဂိုလ်ထူးတို့၏ ဘဝတစ်ကွေ့"၊ ဘာသာပြန်ဘာသာရပ်အတွက် ဒေါက်တာဝင်း(ဆေး-မန်း)၏ "အထူးကုဆရာဝန်ကြီးတွေရဲ့ အတွေ့အကြုံများ"၊ အသုံးချသိပ္ပံဘာသာရပ်အတွက် ဒေါက်တာမင်းသိမ်း၏ "လေဆာရောင်ခြည်ဖြင့် မျက်မှန်ပါဝါ လျှော့ချခြင်းနှင့် အခြားမျက်မှန်ဆိုင်ရာဆောင်းပါးများ"တို့ဖြစ်ကြသည်။

အထက်ပါဆုများတွင် တစ်သက်တာစာပေဆုအတွက် ငွေကျပ် ၁၅ သိန်းနှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ငွေကျပ်ရှစ်သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Hotel ခန်းမကြီး၌ မေ ၁၀ ရက်မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်၍ ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း-၃၉၂၇၃၉၊ ၃၈၅၂၉၃၊ ၃၇၄၄၀၀ တို့သို့ အမြန်ဆက်သွယ်သတင်းပို့ကြရန် သက်ဆိုင်ရာက အကြောင်းကြားထားသည်။

သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် နဝမအကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကာ ၂၀၁၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း ဆု ၁၂ ဆု ချီးမြှင့်ရန် လျာထားသော်လည်း ယခုနှစ်အတွက် ရသည့်ညွှန်းစာပေ၊ ဝိဇ္ဇာ၊ သုတသိပ္ပံ၊ လူမှုစီးပွားနှင့် နိုင်ငံတကာရေးရာဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ၍ ဆုခုနစ်ဆုသာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

မြန်မာ့အငြိမ့်စစ်စစ်ကိုသာ ချပြမှာဖြစ်ပါတယ်။ အများအားဖြင့် အငြိမ့်တွေမှာပြက်လုံးတွေက အပ်ကြောင်းထပ်နေတော့ နည်းနည်းတော့ခွဲထွက်ထားပါတယ်။ အခုခေတ်မှာ တော်တော်များများက အငြိမ့်ကိုကြည့်ရင် အကကိုကျော်ရစ်ပြီး ပြက်လုံးတွေကိုသာ အဓိကကြည့်ပါတယ်။ ဒါကြောင့်မို့ ဒီပွဲလေးကို နည်းနည်းထူးခြားအောင် ကြိုးစားတင်ဆက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

Miss Myanmar အလှမယ် နန်းခင်ဇေယျာ

"ဒီပွဲအတွက်အကကို ဆရာမတစ်ယောက်နဲ့ အချိန်ယူပြီး လေ့ကျင့်သင်ကြားခဲ့ရပါတယ်။ တချို့ကကွက်တွေက နည်းနည်းခက်ခဲတော့ ကြိုးစားပြီး သင်ယူရပါတယ်။ နန်းရဲ့ ပထမဆုံးပွဲဖြစ်လို့ ဝမ်းသာပီတိဖြစ်ရသလို ရင်ခုန်ပါတယ်။ အမြင်ဆန်းအောင်လို့လည်း ကြိုးစားမှာပါ။ တိုင်းရင်းသူတစ်ယောက်ဖြစ်တဲ့အတွက် စကားနည်းနည်းဝဲတော့ သတိထားရပါတယ်။ ဒီပွဲအောင်မြင်သွားရင် နိုင်ငံခြားပွဲတွေ စီစဉ်ပေးမယ်လို့ သိရပါတယ်။ ဘာပဲဖြစ်ဖြစ် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာဖြစ်လို့ လာရောက်အားပေးအကဲဖြတ်ပေးပါလို့ နန်းရဲ့ ပရိသတ်ကို ပြောချင်ပါတယ်"ဟု ဆိုသည်။

Miss Myanmar အလှမယ် ခင်ဝင့်ဝါ

"ညီမတို့နှစ်ယောက်က Miss Myanmar ဖြစ်ခွင့်ရခဲ့တဲ့အတွက် မြန်မာအကနဲ့ ကိုယ့်ပရိသတ်ကို ဖျော်ဖြေရတော့မှာမို့ ပြောမပြတတ်အောင် ဝမ်းသာမိပါတယ်။ အကကိုတော့ ပြန်ပြီးလေ့ကျင့်သင်ကြားရပါတယ်။ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ အကြည့်ကအစ သေသေချာချာလေ့ကျင့်သင်ယူရပါတယ်။ အဖွဲ့ခေါင်းဆောင် ကိုကျော်ထူးနဲ့ကလည်း ခင်မင်တော့ အားလုံးကို တိုင်တိုင်ပင်ပင်နဲ့ စီစဉ်ဖြစ်ပါတယ်။ အကရော သီချင်းတွေပါ အားလုံးစီစဉ်ရတာပါ။ ပွဲကလည်း အခမဲ့ကြည့်ရှုနိုင်အောင် စီစဉ်ထားတာမို့ ပရိသတ်ကို လာရောက်အားပေးပါလို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်တွင် Miss Myanmar အလှမယ် နန်းခင်ဇေယျာနှင့် ခင်ဝင့်ဝါတို့ ခေါင်းဆောင်ကပြမည်ဖြစ်ပြီး ဟာသလူရွှင်တော်များဖြစ်ကြသည့် ကျော်ထူး၊ ကင်းကောင်၊ တိမ်ညွန့်၊ ငွေတောင်နှင့် ချစ်ညွန့်တို့က အင်အားအပြည့် ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းကစား

ရန်ကုန် မေ ၅

AFC Challenge Cup ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဧရာဝတီအသင်းတို့သည် ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားရာ တစ်ဂိုးစီ သရေကျသွားသည်။

မြန်မာ့လက်ရွေးစင် - တစ်ဂိုး။
(ရာဇာဝင်းသိန်း)
ဧရာဝတီ - တစ်ဂိုး။
(နန္ဒလင်းကျော်ချစ်)

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

တရားမဝင် သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၅

မေ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ် (၃၇)လမ်းနှင့်(၅၂)လမ်း၌ တရားမဝင်ပျဉ်းကတိုးခွဲသား ၂ ဒသမ ၄၇၃၄ တန်၊ အင်ခွဲသား ၁ ဒသမ ၅၃၃၆ တန်၊ သစ်ယာခွဲသား ၁ ဒသမ ၃၈၄၆ တန်၊ မေ ၃ ရက်တွင် မန္တလေး-ပြင်ဦးလွင်လမ်း မိုင်တိုင်(၁၁၆)အနီး သရက်ခြံအတွင်းမှ တရားမဝင် တမလန်းခွဲသား ၆ ဒသမ ၃၆၄၀ တန်၊ ၇ ဒသမ ၀၈၀၄ တန်နှင့် ၁၀ ဒသမ ၄၀၂၄ တန်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး





အများသိစေရန်ကြေညာခြင်း

အဖ-ဦးတိုး၏သမီး ကျွန်မ မသန်းသန်းဌေး [၂/လကန(နိုင်)၀၀၁၃၀၈] (ထူးကျော်-ရွှေသန့်စင်ခြင်းလုပ်ငန်း)နှင့် အဖ-ဦးသူတော်၏သားဖြစ်သူ မောင်မျိုးသူဝင်း[၉/မရတ(နိုင်)၁၀၃၀၃၉] (အကယ်ဒမီ-ရွှေသန့်စင်ခြင်းလုပ်ငန်း)တို့သည် ၈-၁-၂၀၁၄ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ဦးစီးအရာရှိ၏ရှေ့မှောက်တွင် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါ၍ အကြင်လင်မယားအဖြစ်မှ လက်မှတ်ရေးထိုးကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်မ မသန်းသန်းဌေးနှင့် မောင်မျိုးသူဝင်းတို့သည် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ချို(စဉ်-၆၃၂၀) တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၄/၆၆)၊ နတ်သျှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

အထက်ပုံပါ Lucky အမည်ရှိ Golden Retriever အုန်းခွံရောင် ခွေးထီးသည် ၁-၅-၂၀၁၄ရက်၌ ပြည်လမ်း၊ ကမာရွတ်တွင် ပျောက်ဆုံးသွားပါသဖြင့် ကျေးဇူးပြု၍တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၁-၅၀၄၆၉၀၊
၀၉-၅၁၆၆၅၉၈၊
၀၉-၄၅၀၀၀၆၉၅၆

ဂျူဗင်တပ်အသင်း အီတလီစီးရီးအေဖလားဆွတ်ခူး

အီတလီစီးရီးအေလက်ရှိချန်ပီယံ ဂျူဗင်တပ်အသင်းသည် နှစ်ပွဲကစားရန်ကျန်ရှိသေးသော်လည်း အမှတ်ပေးဇယား ဒုတိယနေရာမှ ရိုးမားအသင်းသည် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် ကာတာနီးယားအသင်း၏ အိမ်ကွင်းတွင် လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက အီတလီစီးရီးအေဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ပွဲစဉ်(၃၆)မကစားမီတွင် ရမှတ် ၉၃ မှတ်ရရှိထားပြီး ရိုးမားအသင်းမှာ ရမှတ် ၈၅ မှတ်ဖြင့် ဒုတိယနေရာသို့ တက်လှမ်းလာခဲ့သော်လည်း ရိုးမားအသင်းမှာမူ ကာတာနီးယားအသင်းနှင့်ပွဲစဉ် ရှုံးနိမ့်ခဲ့ခြင်းကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဂျူဗင်တပ်အသင်းကို အမီလိုက်နိုင်မည့်အခွင့်အရေးတစ်ရပ်ဆုံးရှုံးခဲ့ရသည်။ ရိုးမားအသင်းသည် လက်ကျန်ပွဲစဉ်နှစ်ပွဲ အနိုင်ရခဲ့လျှင်သော်မှ ဂျူဗင်တပ်၏ ပွဲစဉ်(၃၅)အပြီး ရမှတ်ကို မီနိုင်တော့မည် မဟုတ်သောကြောင့် ဂျူဗင်တပ်အသင်းက ပွဲစဉ်(၃၅)အပြီး ရမှတ်နှင့်ပင် အီတလီစီးရီးအေဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အီတလီစီးရီးအေ ချန်ပီယံအသင်းအဖြစ် ဂျူဗင်တပ်တို့ ပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။

မန်ယူအနာဂတ်အတွက် မကြာမီဆုံးဖြတ်မည်ဟု အီဗရာဆို

မန်ယူဘယ်နောက်ခံ ကစားသမား ပက်ထရစ်အီဗရာသည် ၎င်း၏ အနာဂတ်နှင့်ပတ်သက်၍ မန်ယူအသင်း၌ဆက်ရှိ၊ မရှိဆိုသည်ကို ဆုံးဖြတ်ရန်ရည်ရွယ်ထားသော်လည်း လက်ရှိတွင် ယခုနှစ်ဘောလုံးရာသီကုန်မှသာ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်တာမီလန်အသင်းနှင့် မိုနာကိုအသင်းတို့သည် ပြင်သစ်ကစားသမား ပက်ထရစ်အီဗရာအား ခေါ်ယူစာချုပ်ရန် စိတ်ဝင်စားလျက်ရှိခြင်းကြောင့် မန်ယူအသင်းအနေဖြင့် အဆိုပါကစားသမားနှင့် နောက်ဆုံးအဆင့်ဆွေးနွေးမှုများ ပြုလုပ်သွားရန်လည်း စီစဉ်ထားကြောင်း သိရသည်။

ပက်ထရစ်အီဗရာ အနေဖြင့်လည်း ၂၀၀၆ ခုနှစ်က ပြောင်းရွှေ့လာခဲ့သည့် မန်ယူအသင်းမှ ထွက်ခွာရန်အတွက် ဆုံးဖြတ်ချက်ချရန် အခက်အခဲရှိနေသောကြောင့် ရှေ့ဆက်ဘာလုပ်ရမည်လဲဆိုသည်နှင့် စပ်လျဉ်း၍ ရာသီကုန်အထိ စောင့်ဦးမည်ဖြစ်ကြောင်းလည်း ဆိုသည်။

လက်ရှိတွင် မည်သည့်ဆုံးဖြတ်ချက်မျှ မချရသေးသည်မှာ တစ်ဦးတစ်ယောက်အပေါ်တွင် မှီတည်နေခြင်းမရှိကြောင်းလည်း ပက်ထရစ်အီဗရာက ပြောကြားခဲ့သည်။

ငွေကြယ်

မြန်မာရွှေ့ပြောင်းလုပ်သား နှစ်သန်းကျော်၏ မိသားစုလွှဲငွေအတွက် ဗန်ကောက်ဘဏ်မှ လာရောက်ဆွေးနွေး

နေပြည်တော် မေ ၅

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းလုပ်သား နှစ်သန်းကျော်၏ လွှဲငွေများသည် နိုင်ငံတော်၏ GDP အတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ထိုင်းနိုင်ငံရောက် လုပ်သားများ၏ မိသားစုလွှဲငွေကို စနစ်တကျ ပေးပို့နိုင်ရန်၊ စနစ်တကျ အသုံးချနိုင်ရန် ထိုင်းနိုင်ငံ ဗန်ကောက်ဘဏ်မှ ဒုတိယဥက္ကဋ္ဌ၏ လက်ထောက် Ms.Saranya Pensirikul၊ ဗန်ကောက်ဘဏ် မြန်မာကိုယ်စားလှယ်ရုံးမှ Ms.Supimon Pachana နှင့် မြန်မာနိုင်ငံရှိ အလုပ်သမားဝန်ဆောင်မှု ကုမ္ပဏီတစ်ခုဖြစ်သော Today Top Star Company တို့သည် မေ ၂ ရက်တွင် Today Top Star ရုံးခန်း၌ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ Myanmar Mobile Money မှ အမှုဆောင်အရာရှိချုပ် ဦးကျော်စွာဦး၊ နည်းပညာ မန်နေဂျာ Ms.LaVonne Straley နှင့် အထွေထွေမန်နေဂျာ ဦးအောင်အောင်ချို၊ မြန်မာနိုင်ငံသားများဘဏ်မှ အကြီးတန်း အထွေထွေမန်နေဂျာ ဦးမျိုးမြင့်အောင်တို့လည်း တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် Today Top Star Company မှ Senior Managing Director ဒေါက်တာဝါဝါစိန်က လုပ်သားများ၏ လွှဲပို့ငွေများကို ဟွန်ဒီစနစ်ဖြင့် အများဆုံးပေးပို့နေမှုအခြေအနေ၊ တရားဝင်ဘဏ်စနစ်ကို အသုံးပြုခြင်း နည်းပါးနေသေးမှု၊ လုပ်သား ၁၀၀၀ ခန့် စေလွှတ်ထားသည့် စက်ရုံ၏တစ်လပြန်လွှဲငွေသည် ဘတ် ခြောက်သန်း၊ မြန်မာငွေအားဖြင့် ကျပ်သိန်း ၁၈၀၀ ခန့်ရှိမှု၊ တရားဝင်ဘဏ်စနစ်ဖြင့် လွှဲပြောင်းပါက ထိုင်းဘတ်ငွေမှ အမေရိကန်ဒေါ်လာသို့ပြောင်းလဲရခြင်း၊ ထိုမှမြန်မာကျပ်သို့ လဲလှယ်ရခြင်းတို့ကြောင့် Exchange Rate (၂)ခု၏ ပြောင်းလဲနှုန်းတို့ကလည်း ငွေလွှဲပေါ်တွင် သက်ရောက်မှု၊ လုပ်သားများငွေလွှဲပို့ဆောင်မှုကို လုံခြုံမြန်ဆန်စေရန်အတွက် ပြည်တွင်းတွင် Myanmar Mobile Money ဖြင့် တွဲဆက်ဆောင်ရွက်ပေးရန် စီစဉ်ထားမှု၊ လုပ်သားများငွေလွှဲမှုတွင် မကြာခဏ လိမ်လည်မှုများကို ကြားသိနေရသဖြင့် နှစ်နိုင်ငံဗဟိုဘဏ်များ၏ လုပ်ထုံးလုပ်နည်းများအတွင်းမှ လုံခြုံမြန်ဆန်ချောမွေ့မည့် လုပ်ငန်းစဉ်တစ်ခုကို ဗန်ကောက်ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သွားလိုမှုတို့ကို ဆွေးနွေးသည်။

ထို့နောက် Myanmar Mobile Money မှ အထွေထွေမန်နေဂျာ ဦးအောင်အောင်ချိုက လက်ရှိဆောင်ရွက်နေသော Mobile Money စနစ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ဗန်ကောက်ဘဏ်မှ Ms.Saranya Pensirikul က ယခုညှိနှိုင်းလာသည့်၊ အကြံပြုလာသည့် အချက်များကို ဗန်ကောက်ဘဏ်မှ တာဝန်ရှိသူထံ ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံရှိ မြန်မာလုပ်သားများမိသားစုထံ ငွေလွှဲပြောင်းနိုင်ရေး အခက်အခဲများနှင့် စိန်ခေါ်နေသည့် အချက်များကို သိရှိရပြီဖြစ်ပြီး Today Top Star သို့ နည်းပညာပိုင်းကိုပါ ပံ့ပိုးကူညီသွားမည်ဟု ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ကိုဆွေနိုင်)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Table with Partition	(4)Set

၂။ တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၆-၅-၂၀၁၄ ရက်မှ ၁၂-၅-၂၀၁၄ရက်ထိ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊နေပြည်တော်နှင့် အမှတ်(၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၁၂-၅-၂၀၁၄ရက်၊နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်ရှိတင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်အချိန် - ၁၂-၅-၂၀၁၄ရက်၊ မွန်းတည့် ၁၂နာရီ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊နေပြည်တော်

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၆၅၇၃၀၇၊ ၀၆၇-၄၀၆၃၄၇နှင့် ၀၆၇-၄၀၆၃၂၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့
ရုံးအမှတ်(၃၂)၊ နေပြည်တော်



အမည်ပြောင်းလဲခေါ်ပါရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်အမှတ်(၁၂)၊ အခန်း-အေ(၄)၊ အေးရိပ်မွန်(၃)လမ်း၊ (၃)ရပ်ကွက်နေ ဦးညိုမင်းဦး-ဒေါ်သန်းသန်းဦးတို့၏သမီး ကမာရွတ်မြို့နယ်၊ အထက(၂) သတ္တမတန်းတွင် ပညာသင်ကြားမည့် မသက်မှူးပိုင်[၁၂/လမန(နိုင်)၁၆၁၉၈၉]အား ဤကြော်ငြာပါသည့်နေ့မှစ၍ မသွန်းနဒီစိုးဟု ပြောင်းလဲခေါ်ပါရန်။



ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၅)၊ မြေကွက်အမှတ်(၅၈၄-ခ) အမည်ပေါက် ဦးချစ်ကိုကိုထံမှ ပါမစ်မိတ္တူမှန် အားအဆင့်ဆင့်ဝယ်ယူထားသူ ဦးချစ်ဦးမှ ရုံးခွဲစာရင်းရေးသွင်းရန် တင်ပြလျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်စာရင်းရေးသွင်းခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၈)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၆)၊ မြေကွက်အမှတ်(၁၉)၊ မြေအမည်ပေါက် ဦးခင်ညွန့်[၁၂/သဃက(နိုင်)၁၃၀၇၇၃]၏ မြေချစလစ်ဖြင့် ဦးမြတ်မင်း[၁၂/သဃက(နိုင်)၀၃၈၉၃၅] မှ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၆)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၅

၁-၁-၂၀၁၄ ရက်မှ ၃၀-၄-၂၀၁၄ ရက်အထိ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ယာဉ်ခဲပေါက်ခံရမှု တစ်ကြိမ်၊ လမ်းလယ်ကျွန်းတွင် ကွန်ကရစ်တုံးအပိုင်းအစများချထားမှု နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ အမြန်လမ်းရဲတပ်ဖွဲ့မှ ဒေသခံပြည်သူများနှင့်ပူးပေါင်းဖော်ထုတ်ခဲ့ရာ ပြစ်မှုသုံးခုစလုံးမှ ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ထိရောက်စွာအရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

၁-၃-၂၀၁၄ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဗောဓိကုန်းအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၁၂၈/၄) နှင့် (၁၂၈/၅) ကြား၌ နေပြည်တော်ဘက်မှ မောင်းနှင်လာသော ယာဉ်အမှတ် ၉ယ/၆၈၅၇ ထက်အောင်လင်းခရီးသည်တင် မှန်လုံယာဉ်နှင့် ယာဉ်အမှတ် 2E/5901 ထက်အောင်လင်းခရီးသည်တင် ဘုရားဖူးမှန်လုံယာဉ်နှစ်စီးအား လေးခွဖြင့် ပစ်ခတ်ခံရသဖြင့် ၉ယ/၆၈၅၇ မှန်လုံယာဉ်ရှေ့လေကာမှန်ကွဲ၍ ယာဉ်မောင်း ကိုအေးမင်းဦး၏ ဦးခေါင်းတွင်ဒဏ်ရာရရှိခဲ့ရာ ဗောဓိကုန်းအမြန်လမ်းရဲစခန်းမှ (ပ)၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၇၉-က/ ၄၄၀/၃၂၄ ဖြင့်အမှုဖွင့်ဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဗောဓိကုန်းအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူလူထု၏အကူအညီဖြင့် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ ကျော်ကို(ခ)စိုင်ကြီးအား အခင်းဖြစ်ပြီး နာရီပိုင်းအကြာတွင်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူ သန်းဇော်ဦးအား ၂-၃-၂၀၁၄ ရက်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် အုတ်တွင်းမြို့နယ်တရားရုံးသို့တရားစွဲတင်ပို့ကာ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ၉-၄-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အမြန်လမ်းရဲတပ်ဖွဲ့ သာဂရအမြန်လမ်းရဲစခန်းအပိုင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၈၃/၆)နှင့်(၁၈၃/၇) အကြား၌ယာဉ်များအန္တရာယ်ဖြစ်စေရန် လမ်းလယ်ကျွန်း၏ ကွန်ကရစ်တုံးအကာအရံများအား ဖြုတ်ယူချထားခဲ့သူ အောင်ဇော်မြင့်(ခ)ဖိုးခွားဆိုသူအား သာဂရအမြန်လမ်းရဲတပ်ဖွဲ့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူလူထုအကူအညီ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး သာဂရအမြန်လမ်းရဲစခန်းမှ (ပ)၃/၂၀၁၄၊ ပပက ၆(၁)နှင့်လမ်းမကြီးများဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်ကာ ရေတာရှည်မြို့သို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးမှ တရားခံအား ထောင်ဒဏ်သုံးနှစ်နှင့် သုံးလချမှတ်ခဲ့သည်။

ထို့အပြင် ၁၉-၄-၂၀၁၄ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၀၈/၄)နှင့် (၁၀၈/၅)အကြား လမ်းလယ်ကျွန်းတုံးများအား ရိုက်ခွဲ၍ အမြန်လမ်းမပေါ် ချထားခဲ့သူ ထွန်းဝင်းနှင့်သန်းဇော်ထွန်းတို့အား ဖြူးအမြန်လမ်းရဲစခန်းမှ (ပ)၅/၂၀၁၄၊ ပြစ်မှုပုဒ်မ ၄၄၀ ဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး တရားခံများအား စုံစမ်းဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်သူ ထွန်းဝင်းအား အခင်းဖြစ်နေ့တွင်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူ သန်းဇော်ထွန်းအား ၂-၅-၂၀၁၄ ရက်တွင်လည်းကောင်း အမြန်လမ်းရဲတပ်ဖွဲ့နှင့် ကျေးရွာပြည်သူလူထုပူးပေါင်း၍ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖြူးမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံများအား ဥပဒေနှင့်အညီ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း အမြန်လမ်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်-မန္တလေးကားလမ်းမပေါ် သစ်ပင်လဲကျ၊ တစ်ဦးဒဏ်ရာရ

နေပြည်တော် မေ ၅

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် ရွာကောက်ကွေ့ ရန်ကုန်-မန္တလေးလမ်းမကြီးနံဘေးရှိ သက်တမ်းရင့်စိန်ပန်းပင်ကြီးအမြစ်ပြတ်ဆွေး၍ ကားလမ်းမပေါ်သို့ လဲပြိုကျခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ပြင်းထန်သော အသံနှင့် စိန်ပန်းပင်ကြီးလဲပြိုကျခဲ့ရာ ဖုန်းကြိုးတိုင်နှစ်တိုင် ကျိုးပြတ်၍ လမ်းပေါ်မှ ဆိုင်ကယ်စီးခရီးသည် ဒေါ်မေလွင် (၄၅)နှစ် ပေါင်းလောင်း (၂) လမ်းနေသူတွင် ဦးခေါင်းထိခိုက် မူးဝေဒဏ်ရာရရှိခဲ့သည်။

အခင်းဖြစ်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့၊ စည်ပင်သာယာနှင့် ရပ်ကွက်တာဝန်ရှိသူများ လာရောက် ရှင်းလင်းခဲ့ရာ မွန်းလွဲ ၁ နာရီတွင် ရှင်းလင်းပြီးစီး၍ မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကိုကိုနေ

မိုးကြိုးထိမှန်၍သေဆုံးမှုများဖြစ်ပွား

နေပြည်တော် မေ ၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျွန်းဟိုင်းကျေးရွာတွင် မေ ၃ ရက် မွန်းလွဲ ၁ နာရီက မိုးကြိုးထိမှန်၍ သေဆုံးသူတစ်ဦး ပြင်ဦးလွင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိနေကြောင်း သတင်းအရ ပိတ်ချင်းမြောင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ယင်းကျေးရွာနေ ဦးညာလိန်(၆၁)နှစ်ဖြစ်ပြီး ယင်းနေ့နံနက် ၁၀ နာရီက ရွာတောင်ဘက်နှစ်ဖာလုံခန့်အကွာ အာလူးခင်းတွင်ရှိနေစဉ် မိုးကြိုးထိမှန်၍ သတိလစ်သွားသောကြောင့်ဆေးရုံသို့တင်ပို့ရာ လမ်းတွင် သေဆုံးသွားကြောင်း သိရသည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့နယ် အင်းပုပ်ကျေးရွာတွင် မိုးကြိုးလျှပ်စီး လက်ရာမှ လျှပ်စစ်ရှော့ဖြစ်၍ ကလေးငယ်တစ်ဦးသေဆုံးကြောင်း သတင်းအရ ပြင်ဦးလွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ယင်းကျေးရွာနေ မောင်ကျော်စွာဝင်း (၁၀)နှစ်ဖြစ်ပြီး ယင်းနေ့ နံနက် ၁၀ နာရီခွဲက မိုးဖွဲများကျ၍ လျှပ်စီးလက်စဉ် နေအိမ်ဝင်းအတွင်း မြေကြီးပေါ်သို့ လဲကျသွားသောကြောင့် ပြင်ဦးလွင်ပြည်သူ့ဆေးရုံသို့ တင်ပို့ရာ ဆေးရုံအရောက်တွင် သေဆုံးသွားကြောင်း သိရသည်။

(ရဲပြန်ကြား)

ဝေါ၌ ဓားဖြင့်ထိုးသူအရေးယူ

ဝေါ မေ ၅

ဝေါမြို့နယ် ဖိုးစပါယ်ကျေးရွာနေ ဦးအုန်းနိုင်မှာ မေ ၄ ရက် ည ၈ နာရီခွဲက နေအိမ်၌ရှိနေစဉ် လင်မယားချင်းကွဲ၍ ရောက်ရှိနေသော ညီမအရင်းဖြစ်သူ မအေးမော်(၃၈)နှစ်သည် ၎င်း၏ခင်ပွန်း တင်ဇော် ရောက်ရှိလာ၍ နေအိမ်ရှေ့လမ်းမပေါ်သို့ ထွက်၍ အိမ်ထောင်ရေးကိစ္စဆွေးနွေးနေရာ အဆင်မပြေဘဲ စကားများနေ၍ ညီအရင်းဖြစ်သူ လေးနိုင်ကဝင်ရောက်ဖျန်ဖြေပေးရာမှ လေးနိုင်နှင့်တင်ဇော်တို့ လုံးထွေးသတ်ပုတ်ကြစဉ် တင်ဇော်ကခါးကြားတွင်အသင့်ပါလာသော အရိုးအသွား ခြောက်လက်မခန့်ရှိ ဓားဦးချွန်နှင့်ထိုးသဖြင့် လေးနိုင်၏ ဝဲဘက်နံစောင်းထိုးသွင်းဒဏ်ရာ တစ်ချက်ရရှိကာ ညောင်ခါးရှည် တိုက်နယ်ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားသဖြင့် လေးနိုင်အား ဓားဖြင့်ထိုးသူ တင်ဇော်(၃၈)နှစ်အား ညောင်ခါးရှည်နယ်မြေရဲစခန်းက (ပ)၄၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အရေးယူထားကြောင်း သိရသည်။ **(၅၈၈)**

အရက်သောက်စား မူးယစ်ပြီး နေအိမ်မီးရှို့သူ အရေးယူ

နေပြည်တော် မေ ၅

မကွေးတိုင်းဒေသကြီး မကွေးမြို့ ချမ်းမြေ့သာယာကျေးရွာတွင် မေ ၃ ရက် မွန်းလွဲ ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မကွေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ယင်းကျေးရွာနေ သိန်းထွန်း(၃၆)နှစ်သည် ယင်းနေ့ မွန်းလွဲ ၂ နာရီက အရက်သောက်စားမူးယစ်ပြီး ဇနီးဖြစ်သူ မသူဇာထွန်း(၂၄)နှစ်အား ဆဲဆိုကာ နေအိမ်အတွင်းရှိဝါးဖျာအား မီးနှင့်ရှို့သဖြင့် နေအိမ်ကြမ်းခင်းကို စတင်လောင်ကျွမ်းခဲ့ရာ ပတ်ဝန်းကျင်မှဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့ကြောင်းသိရသဖြင့် သိန်းထွန်းအား မကွေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)






ဝိုင်းမော်မြို့နယ်အတွင်း တပ်ပိုင်မြေပြင်ပရှိ စွန့်လွှတ်ပေးမည့် စိုက်ပျိုးမြေများကို ဓားမဦးချလုပ်ကိုင်ခဲ့သော တောင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်

မြစ်ကြီးနား၊ မေ ၅

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း တပ်ပိုင်မြေပြင်ပရှိ စွန့်လွှတ်ပေးမည့်စိုက်ပျိုးမြေများကို ဓားမဦးချလုပ်ကိုင်ခဲ့သောတောင်သူများထံသို့ မေ ၂ ရက်က ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

၎င်းပြန်လည်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို မေ ၂ ရက် နံနက်ပိုင်းတွင် ဝိုင်းမော်မြို့နယ် ဆမားခန်းမ၌ကျင်းပရာ အဆိုပါအခမ်းအနားသို့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

၎င်းအခမ်းအနားတွင် အမှတ်(၅၈) ခြေလျင်တပ်ရင်းမှ လယ်ယာမြေ ၃၂၇ ဒသမ ၂၃ ဧက၊ မြေပြင်အမှန်ရှိ ၃၇၀ ဒသမ ၆၇ ဧကအားလည်းကောင်း၊ အမှတ်(၃၂၁) ခြေမြန်တပ်ရင်းမှ လယ်ယာမြေ ၁၂၂ ဒသမ ၃၁ ဧကအားလည်းကောင်း၊ အမှတ်(၁၄၁) စစ်လက်နက်ပစ္စည်းတပ်ခွဲမှ မြေလွတ်မြေရိုင်း ၁၉၅ ဧကအားလည်းကောင်း၊ စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ (မပခ) မှ လယ်ယာမြေ ၈ ဒသမ ၉ ဧကအားလည်းကောင်း သက်ဆိုင်ရာတပ်ရင်းတို့မှ ကိုယ်စားလှယ်များက အသီးသီး ပြန်လည်ပေးအပ်ခဲ့ကြပြီး မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ယာယီလက်ခံခဲ့ကြောင်း သိရသည်။

> သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး ရသင့်ရထိုက်သော ပြည်သူများ ပြန်လည်ရရှိနိုင်စေရန်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူ . . .

၎င်းနောက် အမှတ်(၅၈)ခြေလျင်တပ်ရင်းက စွန့်လွှတ်ပေးခဲ့သည့် လယ်ယာမြေများကို ဓားမဦးချလုပ်ကိုင်ခဲ့သည့် တောင်သူ ၃၈ တို့အားလည်းကောင်း၊ အမှတ်(၃၂၁)ခြေမြန်တပ်ရင်းအတွင်းရှိ တပ်ပိုင်မြေများတွင် စွန့်လွှတ်ပေးခဲ့သည့် လယ်ယာမြေအား အဆိုပါတပ်လယ်ယာမြေများတွင် ဓားမဦးချလုပ်ကိုင်ခဲ့သည့် တောင်သူ ၁၄ ဦးတို့အား လည်းကောင်း၊ အမှတ်(၁၄၁)စစ်လက်နက်ပစ္စည်းတပ်ဖွဲ့မှ တပ်ပိုင်မြေများအတွင်းရှိ တပ်ပိုင်မြေများတွင် စွန့်လွှတ်ပေးခဲ့သည့် လယ်ယာမြေအား အဆိုပါလယ်ယာမြေများတွင် ဓားမဦးချလုပ်ကိုင်ခဲ့သည့် တောင်သူ ခုနစ်ဦးတို့အားလည်းကောင်း၊ စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ (မပခ)မှ တပ်ပိုင်မြေများတွင် စွန့်လွှတ်ပေးမည့်လယ်ယာမြေအား တပ်လယ်ယာမြေများတွင် ဓားမဦးချလုပ်ကိုင်ခဲ့သည့် တောင်သူ သုံးဦးတို့အားလည်းကောင်း ပြန်လည်ပေးအပ်ခဲ့ရာ ဝိုင်းမော်မြို့နယ် မြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီကိုယ်စား ပြည်နယ်ဝန်ကြီး ဦးဘီထောဇောင်း၊ ဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေအသုံးမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေအသုံးမှု စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးမှူးတို့ကပေးအပ်ကြသည်။

ယခင်က တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများမှ သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး ရသင့်ရထိုက်သော ပြည်သူများ ပြန်လည်ရရှိနိုင်စေရန်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရန် စုံစမ်းစစ်ဆေးရေးကော်မရှင်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ အဆင့်ဆင့်သောကော်မတီအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ပေးလျက် ရှိကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

မန္တလေးမြို့အတွင်း အပူချိန်မြင့်မား၍ လျှပ်စစ်လေအေးပေးစက်များ ရောင်းအားတက်

မန္တလေး၊ မေ ၅

မန္တလေးမြို့နှင့် ဝန်းကျင်ဒေသများတွင် အပူချိန်များ မြင့်မားလျက်ရှိရာ အပူဒဏ်မှ သက်သာရာကို ဆောင်ရွက်ပေးနိုင်သော အဲယားကွန်း၊ အဲကိုလာ၊ ရေငွေ့ပန်ကာနှင့် ရိုးရိုးပန်ကာများ မန္တလေးမြို့ဆိုင်ကြီးများတွင် ပစ္စည်းပြတ်သည်အထိ အထူးရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

အဲယားကွန်းများတင်ဆောင်လာသည့် ယာဉ်တစ်စီးအားမန္တလေးမြို့၌ တွေ့ရစဉ်။

အဆိုပါပစ္စည်းများရောင်းချသောဆိုင်ကြီးများရှေ့တွင် နံနက်မိုးလင်းဆိုင်ဖွင့်ချိန်မှ မိုးချုပ်ဆိုင်ပိတ်ချိန်အထိ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိရာ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေ၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမှ ယာဉ်ရှင်းလင်းရေးအတွက် လာရောက်ဆောင်ရွက်ကြကြောင်း သိရသည်။

ဈေးကွက်တွင်း ရောင်းချလျက်ရှိသော အဲယားကွန်း လေအေးပေးစက်များမှာ အမှတ်တံဆိပ်ပေါင်း ၂၀ ခန့်ရှိပြီး အများစုမှာ တရုတ်နိုင်ငံထုတ်များဖြစ်ပြီး ယိုးဒယား၊ ကိုရီးယား၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ အမှတ်တံဆိပ်များကိုလည်း တွေ့ရသည်။ ယိုးဒယားနိုင်ငံတွင် ထုတ်လုပ်သော ဂျပန်နိုင်ငံမှ နာမည်ကြီး အမှတ်တံဆိပ်အဲယားကွန်းများမှာ လူကြိုက်များ၍ဈေးနှုန်းလည်း ပိုမိုမြင့်မားကြောင်း သိရသည်။

လူကြိုက်များသည့်အဲယားကွန်းများကို တစ်ကောင်၊ တစ်ကောင်ခွဲ၊ နှစ်ကောင် အစရှိသည့်စွမ်းရည်အလိုက် ထုတ်လုပ်ကြရာ တစ်ကောင်ခွဲ အဲယားကွန်းမှာ ရောင်းအားအကောင်းဆုံးဖြစ်သည်။

အဲယားကွန်းသည် အချိန်ကြာမြင့်စွာ လျှပ်စစ်ဓာတ်အား အသုံးပြုရသောပစ္စည်းဖြစ်၍ လျှပ်စစ်ဓာတ်အားအစားနည်းသည့်စနစ်ပါဝင်သောအဲယားကွန်းများ ပိုမိုခေတ်စားလာသည်။

ယခင်ကာလများတွင် အဲယားကွန်းဝယ်ယူပါက နေ့ချင်းပြီး လိုက်လံတပ်ဆင်ပေးနိုင်သော်လည်း ယခုအခါ တပ်ဆင်သူများပြားသဖြင့် ရက်ချိန်းယူ၍ပင် တပ်ဆင်ရကြောင်း သိရသည်။

ကျေးလက်ဒေသများတွင်လည်း လျှပ်စစ်ဓာတ်အားများ ရရှိလာပြီဖြစ်ရာ မြို့နေလူတန်းစားများသာမက ကျေးလက်တောရွာနေ လူတန်းစားများပါ အဲယားကွန်းအသုံးပြုလာကြသည်။ အဲယားကွန်းတပ်ဆင်ရန် မသင့်တော်သူများနှင့် ငွေကြေးမပြည့်စုံသူတို့မှာလည်း မိမိတို့နှင့်သင့်တော်တတ်နိုင်သည့် အဲကိုလာ၊ ရေငွေ့ပန်ကာနှင့် ရိုးရိုးပန်ကာများကို ဝယ်ယူအသုံးပြုသူ များပြားလှရာ ဈေးကွက်သဘောအရ ယခင်ကာလ ရောင်းချသော ဈေးနှုန်းများထက် ပိုမိုတိုးမြှင့်ရောင်းချလာကြကြောင်း တွေ့ရသည်။

အေးမြ(မန္တလေး)

သတင်းတို

လှိုင်လင်တွင် အလုပ်သမားနေ့ကျင်းပ

နှစ်စဉ် မေ ၁ ရက်တွင်ကျရောက်သည့် အလုပ်သမားနေ့အခမ်းအနားကို လှိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော အလုပ်သမားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က ဖတ်ကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။

မိုးလွင်ဦး(လှိုင်လင်)

ကြေညာလွှာများ တင်သွင်းကြပါရန် နှိုးဆော်ခြင်း

- တည်ဆဲအခွန်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း စည်းကြပ်ထိုက်သော ဝင်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာကိုလည်းကောင်း၊ စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ရရှိသူများသည် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ သို့မဟုတ် နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကိုလည်းကောင်း ၃၀-၆-၂၀၁၄ရက် နောက်ဆုံးထား၍ တင်သွင်းကြရန် လိုအပ်ပါသည်။
- စီးပွားရေးလုပ်ငန်းများအနေနှင့် ဝင်ငွေကြေညာလွှာပုံစံ၏ ရှင်းလင်းချက်အပိုင်း(က)အပိုဒ်(၃)အရလည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာပုံစံ အပိုဒ်(၂)အရလည်းကောင်း ကြေညာလွှာနှင့်အတူ နှစ်ချုပ်စာရင်းရှင်းတမ်းပူးတွဲတင်ပြရန် လိုအပ်ပါသဖြင့် နှစ်ချုပ်စာရင်းရေးဆွဲပြီးသည့် စီးပွားရေးလုပ်ငန်းများအနေနှင့် ယခုအချိန်မှစတင်၍ သက်ဆိုင်ရာအခွန်ရုံးများတွင် ဝင်ငွေကြေညာလွှာ တင်သွင်းနိုင်ပါကြောင်းနှင့်မဖြစ်မနေ အခက်အခဲရှိမှသာ ၃၀-၆-၂၀၁၄ရက် နောက်ဆုံးထားတင်သွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။
- လိုအပ်သော ကြေညာလွှာပုံစံများကို ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် အခမဲ့ရယူ၍လည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် Download ရယူ၍လည်းကောင်း တင်သွင်းနိုင်ပါသည်။

အခွန်ကောက်ခံမှုစီစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

(Teaching Guide)

၉-၁၀ ...
Ph-09-73007267,
09-421016170,09-31089130

ပျောက်ဆုံးကြောင်း

ကျေးဇူးဆပ်ပါမည်

ဆောင်းပါး

မိုးကိုမျှော်သည်

à cif/jynf;f

လူတွေရဲ့ရုပ်ဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရအပေါ်မူတည်တာဖြစ်လို့ ခုလိုရာသီဥတုက ပူလွန်းမကပူနေတာကြောင့် လူတွေရဲ့ရုပ်ဟာလည်း တကယ့်ကို နွမ်းလျနေပါပြီ။

မြို့နေ၊ တောရွာနေ လူတွေဟာ ရာသီဥတုပူပူပြင်းပြင်းဒဏ်ကို လိမ့်နေအောင်ခံနေရတယ်။ ပူလွန်းတော့ လူတွေရဲ့စိတ်ဟာလည်း မလန်းဆန်းတော့ဘူး။ နေ့စဉ်ဝတ္တရား၊ မိသားစုတာဝန်၊ ရုံးတာဝန်၊ ကုမ္ပဏီတာဝန်၊ ရောင်းရဝယ်ရတာတွေနဲ့ မအားလပ်တဲ့ကြားမှာ ပူလွန်းလို့ မနေနိုင်မထိုင်နိုင်ဖြစ်ရတယ်။ တစ်ကိုယ်လုံးမှာရှိတဲ့ အသားအရည်မှာ မိတ်ဖု ယားဖုတွေကြောင့် ယားလွန်းတော့လည်း မကုတ်ရမဖြဲ့ရ မနေနိုင်ဖြစ်လို့ကုတ်ရာ အစင်းအကြောင်းရာတွေကလည်း ကြည့်လို့ကိုမကောင်းဘူး ဖြစ်နေရပြီ။

တတ်နိုင်တဲ့သူတွေကလည်း အချိန်ပြည့် လေအေးပေးစက်ဖွင့်ကြလို့ အဲယားကွန်းက ကွန်ပရက်ဆာလည်း အတော့်ကိုပူနေပြီး လောင်မှာတောင်ကြောက်ရတယ်။ ပန်ကာလေကြောင့် ဇက်ကြောထိုးသူကထိုးနဲ့ လူတွေက အပူဒဏ်ခံရတာ သက်သာအောင် နည်းမျိုးစုံနဲ့ ကြိုးစားပြီးနေကြတယ်။ ခဏခဏရေချိုးသူတွေ အပူရှပ်၊ ရေစိုအဝတ်ကိုမချွတ်ဘဲထားသူတွေ ဒုက္ခရောက်နဲ့။ မိုးရွာရင်တော့ ပူတာသက်သာမှာပဲဆိုပြီး လူအများ မိုးကိုမျှော်နေကြပြီ။ ဟုတ်ပါရဲ့။ သင်္ကြန်မိုးလည်း မရွာ၊ သင်္ကြန်းပြီးလည်းမရွာဆိုတော့ ရန်ကုန်မြို့မှာနေတဲ့သူတွေ နေ့တိုင်း မိုးမျှော်နေရတယ်။

ဟိုးတစ်နေ့က မန္တလေးမှာ မိုးရွာဖို့ မန္တလေးသူမန္တလေးသားတွေ လွန်ဆွဲကြတဲ့သတင်း TV မှာ တွေ့လိုက်တယ်။ ဟိုအညာဒေသမှာလည်း မိုးခေါင်ရင် လွန်ဆွဲကြတာကို ငယ်ငယ်တုန်းက တွေ့ဖူးတယ်၊ လွန်ဆွဲလို့ မိုးရွာမယ်ဆိုရင် တစ်ပြည်လုံး လွန်ဆွဲကြပါစို့။ အဲဒီလိုဆို မိုးရွာမှာလား။ တိုက်ဆိုင်မှုကြောင့်လား ဘာလားမသိဘူး။ ကလေးဘဝတုန်းက မိုးခေါင်လို့ အညာမြို့မှာ လွန်ဆွဲကြတာ သိပ်မကြာခင် မိုးရွာချလာတာတွေ့ဖူးတယ်။ လူတွေ အပူဒဏ်ကြောင့် ဒုက္ခရောက်သူတွေရောက်၊ ဆေးရုံရောက်သူရောက်၊ သတိလစ်သူလစ်၊ အသက်ပျောက်သူပျောက်သူနဲ့ မိုးရယ် အပူဒဏ်သက်သာအောင် ရွာလိုက်ပါတော့။

ခုချိန်ခါမှာ မိုးများရွာရင် အားလုံး ပျော်ကြမှာပဲ။ အက်စစ်မိုးမဟုတ်ဘဲ အေးချမ်းစေမယ့် မိုးအေးအေးလေးသာ ရွာလိုက်ပါလား။ ရိတ်သိမ်းပြီး စပါးတွေကို အမိုးအကာအောက်ရောက်အောင် သိမ်းကြတော့။ မကြာခင်ကောင်းကင်ကြီးမှ မင်္ဂလာမိုးရွာတော့မှာ။ မိုးရယ် ရွာသာရွာလိုက်ပါ။ အားလုံး မိုးကိုမျှော်နေကြပြီ။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

သပိတ်ကျင်း၊ မေ ၅

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေး အကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့ ရွှေဝါဝင်းခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်ရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများ ဆွေးနွေးပွဲကို တွေ့ရစဉ်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးခွထီးယိုက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းရခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းပြဆွေးနွေးခဲ့သည်။

အဆိုပါ လူ့အခွင့်ရေးဆွေးနွေးရှင်းလင်းပွဲများကို မိုးကုတ်မြို့နှင့် ပြင်ဦးလွင်မြို့များတွင်လည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ယင်းဆွေးနွေးပွဲမှတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်ရေးကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သန့်ဇင်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ NGO အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် လူ့အခွင့်အရေး အကြောင်းအရာများအား စိတ်ပါဝင်စားသည့် မိဘပြည်သူများ အင်အား၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

ပညာ့အလင်း ခေတ်မီစာကြည့်တိုက်မှ နယ်လှည့် စာအုပ်ငှားလုပ်ငန်းကွင်းဆင်း ဆောင်ရွက်

ရန်ကုန်၊ မေ ၅

ရုံးပိတ်ရက်တွင် ပြည်သူများ စာပေဖတ်ရှုနိုင်စေရေးအတွက် ရန်ကုန်အနောက်ပိုင်းခရိုင်၊ ပန်းဆိုးတန်းလမ်းတွင် ဖွင့်လှစ်ထားရှိသော ပညာ့အလင်းခေတ်မီစာကြည့်တိုက်မှ မေ ၂ ရက် ညနေ ၃ နာရီခွဲတွင် ပန်းဆိုးတန်းလမ်းရှိ ဘဏ်ခွဲ(၁)သို့ သွားရောက်၍ နယ်လှည့်စာအုပ်ငှားလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများအသိပညာဗဟုသုတ တိုးပွားစေရန်အတွက် ပြည်သူ့စာကြည့်တိုက်များ ဖွင့်လှစ် ဆောင်ရွက်ပေးသည့်အပြင် ပြည်သူ့လက်ဝယ်အရောက် စာအုပ်များရောက်ရှိဖတ်ရှုစေနိုင်ရေးအတွက် နယ်လှည့်စာအုပ်ငှားလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဖွင့်လှစ်ထားသော စာကြည့်တိုက်များအနက် ပညာ့အလင်းခေတ်မီစာကြည့်တိုက်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။ **ရွှေနန်းဖြူ**

စိမ့်စမ်းရေသွယ်လုပ်ငန်းကြောင့် သောက်သုံးရေရရှိ

ဂန့်ဂေါ၊ မေ ၅

နွေရာသီတွင် နှစ်စဉ် သောက်သုံးရေ အခက်အခဲ ဖြစ်လေ့ရှိသည့် ပုံတောင်၊ ပုံညာဒေသရှိ ကျေးရွာများဖြစ်သော ကျဲကျေးရွာနှင့် စကားကျေးရွာများတွင် စိမ့်စမ်းရေသွယ်သည့် လုပ်ငန်း အောင်မြင်သောကြောင့် ယခုနှစ်နွေရာသီတွင် အဆိုပါကျေးရွာများ၌ သောက်သုံးရေရရှိပြီဖြစ်ကြောင်း သိရသည်။

စိမ့်စမ်းရေသွယ်သည့်လုပ်ငန်း ဆောင်ရွက်မှုကို ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် လွှတ်တော်ရန်ပုံငွေမှ ခွင့်ပြုငွေကျပ်ကိုးသိန်းကိုမတည်ကာ ကျေးရွာမှ ထည့်ဝင်ငွေကျပ် ခြောက်သိန်းတို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး သုံးမိုင်ကျော် ဝေးကွာသည့်နေရာမှ စိမ့်စမ်းရေကို ရေပိုက်လိုင်းဖြင့်သွယ်ယူကာစကားကျေးရွာနှင့် ကျဲကျေးရွာတို့၌ ရေစုပ်ကန်များ ဆောက်လုပ်ပြီး ကျေးရွာများသို့ရေဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

"ရေစုပ်ကန်ကနေ ရွာလမ်းတစ်လျှောက်ကို ရေပိုက်သွယ်တယ်။ လမ်းဆုံကျတဲ့နေရာတွေမှာ ရေငုတ်တပ်ဆင်ထားတယ်။ လောလောဆယ်တော့ ရေငုတ်ကိုရေလာခပ်တဲ့စနစ်ပေါ့။ ဒီလိုစနစ်ကြောင့် ရေရရှိနေတာပါ"ဟု ကျဲကျေးရွာနေပြည်သူတစ်ဦးကပြောသည်။ **(၄၆၅)**

သတင်းတို

မြန်အောင်အထက်တန်းကျောင်းပြန်လည်တည်ဆောက်

မြန်အောင်မြို့အခြေခံပညာအထက်တန်းကျောင်းကြီးမှာ သက်တမ်းကြာမြင့်လာပြီး လက်ဝဲဘက်တောင်ပံ အခန်းကျယ်ကြီး၏ အပေါ်ထပ်အောက်ထပ် နှစ်ထပ်လုံးမှာ အန္တရာယ်ရှိနေပြီဖြစ်သောကြောင့် အသစ်ပြန်လည်တည်ဆောက်နေပြီး ၎င်းတည်ဆောက်ခြင်းလုပ်ငန်းကို ပညာရေးဝန်ကြီးဌာန အမှတ်(၁)အခြေခံပညာဦးစီးဌာနမှ ခွင့်ပြုငွေဖြင့် ရွှေသပြေဆောက်လုပ်ရေးမှ စတင်ဆောက်လုပ်နေကြောင်း သိရသည်။ **ဦးမြွေးအောင်**

SiES ENGLISH SCHOOL
အင်္ဂလိပ် စကားပြော
start on 10 May 2014
09-5406533

သင် တယ်သက်မွေးပညာနဲ့ သက်မွေးဝမ်းကျောင်းပြုမှာလဲ?
ပြည်တွင်း၊ ပြည်ပဆောက်လုပ်ရေးကုမ္ပဏီများ၊ Decoration ကုမ္ပဏီများတွင်
Drafter, Interior Designer အဖြစ် သက်မွေးလိုသူများအတွက်
Auto CAD, 3 Dsmax, Interior Design, Revit
မီဒီယာကုမ္ပဏီများတွင် Graphic Designer, Video Editor,
3D Animator အဖြစ် သက်မွေးလိုသူများအတွက်
Graphic Design, Video Editing, 3D Animation
စသည့်သင်တန်းများကို ဝါရင့်ဆရာအောင် ကိုယ်တိုင် သင်ကြားပေးသည်။
PROMOTION Computer Training Centre
09731845250 09255776471 389038

"နိုင်ငံတကာမူကြိုဆရာဖြစ်သင်တန်း"
Certificate in Early Childhood Care & Development
(Education Theory)
(Child Psychology)
(Education Psychology: Psychological Impact on Teaching & Learning Process)
(Child Development)
(Educational Administration, Including School Health & Physical Education)
(Method & Methodology, Especially for teaching English)
(Effective Teaching)
TiPTOP

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် ဘုတလင်မြို့နယ် ကျေးရွာ ၁၈၈ ရွာမှ စာသင်သား ၁၂၅၃ ဦး တက်ရောက်စာသင်ကြား

မုံရွာ၊ မေ ၅

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် ၂၉ မြို့နယ်မှ ရပ်ကွက်ကျေးရွာပေါင်း ၁၂၆၃ နေရာတွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာခရိုင်၊ ဘုတလင်မြို့နယ်နှင့် ကသာခရိုင်၊ ဝန်းသိုမြို့နယ်တို့တွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် ကျေးရွာ ၁၈၈ ရွာရှိသည့်အနက် စာသင်ဝိုင်း ၁၅၀ ဖွင့်လှစ်သင်ကြားလျက်ရှိရာ စာသင်သား ၁၂၅၃ ဦးတတ်ရောက်သင်ကြားကြောင်း သိရသည်။

မုံရွာတက္ကသိုလ်မှ အုပ်ချုပ်သူဆရာ၊ ဆရာမကိုးဦး အပါအဝင် စေတနာဖြင့် လုပ်အားပေးပါဝင်ကူညီကြသော တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၁၅၀ တို့က ဧပြီ ၁ ရက်မှ စတင်၍မေ ၁၅ ရက်အထိ စာသင်ရက် ၄၀ ကို တစ်ရက်လျှင်၃ နာရီနှုန်းဖြင့် နာရီပေါင်း ၁၂၀ သင်ကြားမည်ဖြစ်သည်။

"ကျွန်မက ဒီစာတတ်မြောက်ရေးလှုပ်ရှားမှုမှာ သင်တန်းတက်ပြီးမှ အခုလိုစာသင်ခွင့်ရတာပါ။ ဒီလိုစာသင်ရတာ ကျွန်မအတွက်တော့ အရမ်းပျော်ရွှင်ကြည်နူးရတဲ့ အမှတ်တရနေ့တွေပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အခြေခံစာတတ်မြောက်ဖို့အတွက် လိုအပ်နေတဲ့ ဦးလေး၊ ဒေါ်လေးတွေကို ရေးတတ်ဖတ်တတ်လာအောင် စေတနာနဲ့စိတ်ဝင်တစားသင်ပေးရတာ အရမ်းကြည်နူးစရာ ကောင်းပါတယ်။ ဒီလှုပ်ရှားမှုကနေ စာဖတ်တတ်သွားလို့ သက်ကြီးဘိုးဘွားတွေအတွက် စာပေအရသာ၊ စာပေသုတများ တိုးပွားလာမယ်ဆိုရင် ကျွန်မအတွက်တော့ သင်ပေးရကျိုးနပ်ပါတယ်" ဟု မုံရွာတက္ကသိုလ်မှ Bio Chemistry ဂုဏ်ထူးတန်း နောက်ဆုံးနှစ်ကျောင်းသူ မအေးမွန်ဝင်းက ပြောသည်။

"အဒေါ်တို့ ငယ်ငယ်တုန်းက အခြေအနေအမျိုးမျိုးကြောင့် စာသင်ကြားခွင့် မရခဲ့ပါဘူး။ အခုလို အသက်ကြီးမှ စာသင်ရတော့ ပထမတော့ ရှက်လည်းရှက်၊ နည်းနည်းလည်း ခက်ခဲတာပေါ့။ ဒါပေမယ့် မခံချင်စိတ်နဲ့ ကြိုးစား သင်ယူသွားမှာပါ။ ဒါမှ ကိုယ်ဖတ်ချင်တဲ့ တရားစာအုပ်လေးတွေဖတ်နိုင်မှာပေါ့။ အရင်ကတော့ သူများဖတ်ပြတာကို နားထောင်ရတာ စာဖတ်တတ်ပြီး ကိုယ်တိုင်ဖတ်နိုင်အောင် သင်ကြားသွားမှာပါ" ဟု ဘုတလင်မြို့၊ ဗန္ဓုလရပ်ကွက်တွင် နေထိုင်သည့် ဈေးရောင်းလုပ်ငန်းလုပ်ကိုင်သူ အသက် ၅၀ နှစ်ရှိဒေါ်ခင်စန်းယဉ်က ပြောသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကျေးရွာစာတတ်မြောက်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေသူမှ ဒေသခံများအား စာသင်ကြားပို့ချနေစဉ်။

ယခုနှစ် နွေရာသီတွင် ထီးလင်းကြက်သွန်ဖြူ ဈေးကွက်အေးနေ

ထီးလင်း၊ မေ ၅

ထီးလင်းတွင် ယခင်နှစ်နွေရာသီက ထီးလင်းနယ်ထွက် ကြက်သွန်ဖြူများ တစ်ပိဿာလျှင်ကျပ် ၁၆၀၀ ဈေးရရှိခဲ့သော်လည်း ယခုနှစ်နွေရာသီတွင် တစ်ပိဿာကျပ် ၁၂၀၀ ဈေးသာရရှိနေသည့်အတွက် ဈေးအေးနေကာ ကြက်သွန်စိုက် တောင်သူများမှာ တက်ဈေးကို မျှော်နေကြကြောင်း သိရသည်။

ထီးလင်းနယ်တွင် ကြက်သွန်ဖြူကို သီးထပ်စိုက်ခင်းများတွင် စိုက်ပျိုးကြပြီး မောချောင်းမှရေကိုလယ်ယာမြေများသို့ ရေသွယ်စိုက်ပျိုးကြ ရာ မောချောင်းမှရေကို သွယ်ယူနိုင်ရန် သစ်ဆည်ပိတ်သည့်အရပ်ဒေသကို အစွဲပြု၍ ရပ်မတောတွင် ပိတ်သည့်ဆည်မှ ဆည်ရေသောက်လယ်ယာမြေများကို ရပ်မပြင် စသည်ဖြင့်ခေါ်ကြကြောင်း သိရသည်။

မောချောင်းဆည် ရေသောက်ဒေသများအနက် မြင်သာပြင်၊ တောင်ဖက်ပြင်စသည်တို့မှာ လူသိများသည့် လယ်ယာမြေများ ဖြစ်သည်။

အဆိုပါ ဆည်ရေသောက်ဒေသရှိ တောင်သူများမှာ မိုးစပါးအပြင် နွေစပါးကိုပါ စိုက်ပျိုးကြသည်။

အချို့ တောင်သူများမှာမိုးစပါးပြီးလျှင် ကြက်သွန်ဖြူနှမ်းလျှင်လေးတို့စိုက်ပျိုးကြသဖြင့် ယခင်က ချင်းပြည်နယ်ထွက် ကြက်သွန်ဖြူနှင့် ပခုက္ကူဘက်မှလာသော ကြက်သွန်ဖြူများကို အားထားခဲ့ကြရာမှ ယခုအခါတွင် ထီးလင်းနယ်ဒေသထွက် ကြက်သွန်ဖြူ ဖူလုံသည့်အပြင် အခြားအရပ်ဒေသများသို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

(၄၆၅)

တိုက်ကြီးလွှတ်တော်ကိုယ်စားလှယ်များ ကွန်ကရစ်လမ်းနှစ်လမ်း ဖွင့်ပွဲတက်ရောက်

တိုက်ကြီး၊ မေ ၅

ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သောတိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ အုန်းပင်ကွင်းကျေးရွာနှင့် ရေလဲကြီးကျေးရွာ ဆက်သွယ်သော ကွန်ကရစ်လမ်း၊ ကြွေပုဂံချောင်းကျေးရွာနှင့်ငါးလာချောင်းကျေးရွာချင်းဆက်သွယ်သော ကွန်ကရစ်လမ်း နှစ်လမ်းအား မေ ၂ ရက် နံနက် ၉ နာရီခွဲက ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှတင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်း၊ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအေးထိုက်လွင်၊ တိုက်ကြီးမြို့နယ် ပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူး ဦးခင်မောင်မြင့်နှင့် ကော်မတီဝင်များ၊ အဖျောက်မြို့ ရပ်မိရပ်ဖများဖြစ်သော ဦးသင်းကြူ၊ ဦးသန်းစိုးနှင့် ကျေးရွာသူ၊ ကျေးရွာသားများတက်ရောက်ခဲ့ကြပြီး အဆိုပါဖွင့်ပွဲကိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဟန်စိန်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကြွေပုဂံချောင်း၊ ငါးလာချောင်းနှင့် အုန်းပင်ကွင်း၊ ရေလဲကြီးကျေးရွာချင်းဆက် ကွန်ကရစ်လမ်းများကို တစ်လမ်းလျှင်ကျပ်သိန်း ၅၀ စီဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည်ပေ ၂၀၀၀၊ အကျယ်နှစ်ပေ၊ အမြင့်သုံးလက်မရှိပြီး ရာသီမရွေးသွားလာနိုင်သောလမ်းဖြစ်ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ဝက်လက်မြို့တွင် ကျေးလက်လူငယ်များအတွက် အခမဲ့ကွန်ပျူတာသင်တန်း ဖွင့်လှစ်

ဝက်လက်၊ မေ ၅

နွေရာသီကျောင်းပိတ်ရက် ကလေးလူရွယ်များအတွက် ကျေးလက်လူငယ် နည်းပညာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ဝက်လက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြေခံကွန်ပျူတာ အခမဲ့သင်တန်း (၁/၂၀၁၄) ကို အဆိုပါဦးစီးဌာနရုံးတွင် ဖွင့်လှစ်ပေးလျက်ရှိသည်။

၎င်းသင်တန်းတွင် သင်တန်းနည်းပညာဆရာ ဦးစိုးမင်းမောင်မှ သင်ကြားပေးပြီး ထူးချွန်သောသင်တန်းသားများကို ဆက်လက်၍ အဆင့်မြင့်ကွန်ပျူတာသင်တန်းအား သင်ကြားပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

၎င်းသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ လူငယ်သင်တန်းသား ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ မေ ၂၃ ရက်ထိ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဝက်လက်မြို့နယ် ကျေးလက်ဒေသ ကျေးရွာများရှိ ကလေးများ ဉာဏ်ပညာမြင့်မားစေရေးနှင့် နည်းပညာများ သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

နန်းမြင့်(ပြန်/ဆက်)

ဆရာမိုး Follow Me Ph.D (USA)
တန်းခွဲသစ် လက်ခံပြီ။
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊ လ နှင့်
ENGLISH 4 SKILLS Level (1)
Essay, Letter
May 10
4 SKILLS Level(1,2,3) Dip ESL (USA) ချီးမြှင့်မည်
ENGLISH 4 SKILLS DISTANCE LEARNING
CD, DVD LEVEL 1,2,3 Dip ESL(USA)
SPEAKING ၄၊ လ
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
0943125393
01 295798, 398118

အသိပေးကြေညာချက်
M.V ... LEADER ...
ORIGINAL BILL OF LADING

ပျောက်ဆုံးခြင်း

တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်များထုတ်ယူမှုကို နယ်ဒေသများတွင် ထပ်ဆင့်ဌာနခွဲများထားရှိရန်လို

ရန်ကုန်၊ မေ ၅

တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်များကို ဗဟိုစာစစ်ဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအလိုက် ပညာရေးစာစစ်ဌာနရုံးခွဲများဖြင့် ထပ်ဆင့်လွှဲပြောင်းထုတ်ပေးပါက နယ်မှကျောင်းသူကျောင်းသားများအတွက် အချိန်ကုန်၊ ငွေကုန်၊ လူပန်းမှုမဖြစ်ဘဲ နေရေးထိုင်ရေး၊ သွားရေးလာရေး စသောအခက်အခဲများကို အချိန်တိုစွာသက်သာစွာ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း နယ်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများက ပြောသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ လိုအပ်လျက်ရှိသောစာသင်ကျောင်းများတွင် စာပေပညာများပြန်လည်သင်ကြားပို့ချနိုင်ရေးအတွက် အလုပ်သင်နေ့စားလပေး မူလတန်းပြ ဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခန့်ထားနိုင်ရန် လျှောက်လွှာများဖြင့် ခေါ်ယူနေလျက်ရှိရာ ၉ တန်း၊ ၁၀ တန်းအောင်နှင့် ဘွဲ့ရသူများအတွက် အလုပ်အကိုင်ရရှိနိုင်ဖို့ ကြီးမားတဲ့ မျှော်လင့်ချက်လေးတစ်ခု ဖြစ်လာပြီး ယင်းအတွက်လိုအပ်သော စာရွက်စာတမ်း အထောက်အထားများ ထုတ်ယူရန် နယ်မှနေထိုင်သူများအတွက် အခက်အခဲတစ်ခုဖြစ်နေကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်များထုတ်ယူရန်စောင့်ဆိုင်းသူများ တွေ့ရစဉ်။

ထိုသို့ လျှောက်လွှာများတင်ရန်အတွက်နှင့် အလုပ်အကိုင်အတွက် လျှောက်လွှာတင်ရာတွင် ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ ဆယ်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ စသောစာရွက်စာတန်းအပြည့်အစုံဖြင့် ပညာရေးဖော်လျှောက်လွှာများကိုတင်သွင်းကြရသည်။

ဆယ်တန်းအောင်မြင်ကြသူများအတွက် မိမိတို့ဖြေဆိုရာ အောင်မြင်ခဲ့သော စာစစ်ဌာနများတွင် အောင်မြင်ကြောင်းထောက်ခံစာများကို ယူ၍ လျှောက်လွှာများဖြင့် ဖြည့်သွင်းတင်လျှောက်ကြရာ အခက်အခဲအနေဖြင့် လက်တွေ့စစ်ဆေးရာတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် လိုအပ်သဖြင့် ဗဟိုစာစစ်ဌာနဖြစ်သော အထက်မြန်မာပြည် မန္တလေးနှင့် အောက်မြန်မာပြည် ရန်ကုန်မြို့ကြီးများတွင် သွားရောက်ထုတ်ယူကြရသည်။

နယ်တွင် နေထိုင်ကြသူများအတွက် မရောက်ဖူးသည့်နေရာများနှင့် မကျွမ်းကျင်သည့်နေရာများသို့ သွားကြရသည်မှာ ခရီးစရိတ်၊ လမ်းစရိတ်၊ စားစရိတ်၊ နေရေးထိုင်ရေးနှင့် ထုတ်ယူမည့် အောင်လက်မှတ်အတွက် ငွေကြေးများစွာအသုံးပြုကြရပြီး လမ်းမကျွမ်းသည့်အတွက် သွားလာရဒုက္ခရောက်ကြကြောင်း ၎င်းတို့က ပြောသည်။

"လိုင်းကားများရှိပေမဲ့ ဘယ်ကားနံပါတ်စီးရမည်မသိ။ စီးပြီးဖြစ်သော်လည်း မည်သည့်နေရာတွင်ဆင်းရမည်မသိ၍ လိုချင်သောနေရာမရောက်ဘဲ တခြားနေရာမှကားများကိုတား၍ ပြန်စီးကြရတာတွေရှိတယ်။ အချိန်ကုန်၊ ငွေကုန်၊ လူပန်းရပြီး အောင်လက်မှတ်ထုတ်သော်လည်း ဒီနေ့ထုတ်ဒီနေ့မရပါ။ ရက်ချိန်းဖြင့် ထုတ်ယူရတာလည်း ရှိပါတယ်။ ထုတ်ယူချိန်တွင် ကိုယ့်ပြည်နယ်စာစစ်ဌာနကို မတွေ့ရှိရင်လည်း မနက်ရုံးဖွင့်ချိန်မှ ညနေအထိစောင့်ဆိုင်းရတာမျိုးလည်းရှိတယ်။ အများနှင့်ဆောင်ရွက်ထုတ်ပေးရတဲ့ ဝန်ထမ်းများအတွက် ဟိုရှာရဒီရှာရနှင့် အလုပ်ရှုပ်ကြရလို့ စောင့်ဆိုင်းရတာတွေ လည်းရှိပါတယ်" ဟု ယင်းလက်မှတ်များထုတ်ယူသူတစ်ဦးက ၎င်း၏ အခက်အခဲများအား ပြောသည်။

ထိုသို့ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် အခက်အခဲများကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ထပ်ဆင့်ဌာနခွဲများအနေနှင့် ထားရှိစေချင်ကြောင်း ၎င်းတို့က ပြောသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန်၊ မေ ၅

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်ခဲ့သည့် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကို မေ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးကျော်တင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူ၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးအေးမော်၊ သင်တန်းနည်းပြဆရာ ခုနစ်ဦး၊ သင်တန်းသား၊ သင်တန်းသူ ၇၅ ဦးနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

သင်တန်းကာလမှာ မတ် ၁၀ ရက်မှ ဧပြီ ၁၀ ရက်ထိ တစ်လကြာမြင့်ခဲ့ပြီး ယင်းသင်တန်းတွင် အားကစားနည်း သုံးမျိုးသင်ကြားခဲ့ကာ ဘောလုံးအားကစားနည်း၊ ခြင်းလုံးအားကစားနှင့် မြန်မာ့သိုင်းအားကစားနည်းတို့ ဖြစ်သည်။

(၆၈၄)

မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှ စုပေါင်းသွေးလှူဒါန်း

မော်လမြိုင်၊ မေ ၅

(၆၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမြကြိုင်နှင့်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမြကြိုင် နှင့်တပ်ဖွဲ့ဝင် ၂၀ တို့သည် မေ ၂ ရက် နံနက် ၉ နာရီက မော်လမြိုင်အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် သွေးများလှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်ဇေယျနှင့် သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာသန်းထိုက်တို့က သွေးလှူရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။

၎င်းအပြင် မွန်ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၁ ရက် နံနက်တွင် မော်လမြိုင်မြို့၊ မောင်ငံရပ်ရှိ ရွှေဗျိုင်းဖြူဘုရားဝင်းအတွင်း၌ သန့်ရှင်းရေးများပြုလုပ်ခြင်း၊ ညနေပိုင်းတွင် မော်လမြိုင်မြို့၊ မုပွန်ရပ်ရှိ သောက်သုံးရေရှားပါးသောနေရာများ၌ သောက်သုံးရေများ ဝေငှလှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

ဆက်နေမင်းအောင်

စကျွဒါန မျက်စိအလင်းရောင်အလှူတော် ကျင်းပပြုလုပ်

နတ်တလင်း၊ မေ ၅

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စု ၈၂ အုပ်စုရှိ မျက်စိဝေဒနာရှင်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၏ ဦးဆောင်ကြီးကြပ်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှု၊ IBTC ကုမ္ပဏီမှလှူဒါန်းမှုဖြင့် အခမဲ့စမ်းသပ်ခွဲစိတ်ကုသခြင်းလုပ်ငန်းများကို ဧပြီ ၂၆ ရက်မှ ၂၈ နတ်တလင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ခွဲစိတ်ကုသခဲ့ကြောင်း သိရသည်။

အဆိုပါ မျက်စိခွဲစိတ်ကုသရာမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ မျက်စိဝေဒနာရှင် ၁၃၀၀ ကျော်အား မျက်စိစမ်းသပ်ခြင်း၊ အခမဲ့ခွဲစိတ်ကုသခြင်း၊ ခွဲစိတ်လူနာများအား အခမဲ့ထမင်းကျွေးခြင်းနှင့်အတူ မျက်စိခွဲစိတ်ထားသည့် ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်၊ ဦးမြစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်တို့မှ မျက်စိခွဲစိတ်ဝေဒနာရှင်များအား လိုအပ်သည်များကို ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

(၀၇၁)

Diploma & Advanced (Engineering)
City & Guilds
Civil
Electronic
Mechanical
Mechatronic
Electrical
Electrical Installation
Air-Con; & Refrigeration
Plumbing
Mechanical and Electrical(M&E)
Diploma & Advanced (IT)
Software Developer(IT)
IT System Support (IT)
(Wifi Free Service)
TECH TRAINING CENTRE
01 523579, 01 2304066, 09 49341594, 09 73043681

Emerald Myanmar Travels & Tours
Hotel Max + (3 Night /4 Days) = 80,000/-
Ocean Paradise + (3 Night /4 Days) = 80,000/-
Hotel Booking
09-49589762, 09-49589764, 09-421013999, 09-421014999

myanmar HOME & DECOR
Penthouse Life ■ Decorative Items
Los Angeles
Gems Garden Condominium
Shopping for living
Update trend
uPVC
Where to live
Eternity Publishing & Advertising

(၉/၂၀၁၄)
Diesel Engine Driven Generating Set
Induction Motor
Double Row Radial Spherical Self Alignment Roller Bearing
Spares for Vector Magnetic Ex HDD Rig
Spares for Telecommunication Equipment

သမိုင်းဝင်ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားရှိ ပျက်စီးနေသော လှေခါးစောင်းတန်းများ ပြန်လည်တည်ဆောက်မှု ပြီးစီး

အမရပူရ၊ မေ ၅

အမရပူရမြို့နယ်၊ ရွှေကြက်ယက် ကျေးရွာတွင်တည်ရှိသော သမိုင်းဝင် ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားရှိ ယိုယွင်းပျက်စီးနေသည့် ဘုရားစောင်းတန်းတော်များအား အသစ်ပြန်လည်တည်ဆောက်ပြီး ဖြစ်ကြောင်းသိရသည်။

ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား၏ ယိုယွင်းပျက်စီးနေသည့် ဘုရားစောင်းတန်းတော်များအား မင်္ဂလာအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တရေဝတမှ ဦးစီးနာယကပြုလုပ်ကာ အများပြည်သူများ၏ စုပေါင်းထည့်ဝင်လှူဒါန်းမှုများဖြင့် ပြန်လည်တည်ဆောက်ခဲ့ရာ ငွေကျပ်သိန်းပေါင်း ၃၆၀ ကုန်ကျခဲ့ကြောင်း သိရသည်။

ရွှေကြက်ယက်ဘုရား ကိန်းဝပ်တော်မူသည့် မန္တာဂီရိတောင်အတက်စောင်းတန်းမှာ အခန်းပေါင်း ၆၇ ခန်းတည်ရှိပြီး ငွေကျပ်သိန်း ၂၅၀ ကျော် အကုန်အကျခံကာ တည်ဆောက်ခဲ့ကြောင်း၊ စောင်းတန်းတစ်ခန်းလျှင် ငွေကျပ်သုံးသိန်းခွဲ ကုန်ကျခဲ့ကြောင်း၊ ရွှေကြက်ကျဘုရား ကိန်းဝပ်တည်ရှိသည့် နဂါးရာဇ်တောင်အတက် စောင်းတန်းနှင့် အရှေ့မုခ် ဘီလူးမ စောင်းတန်းတို့တွင် အခန်းပေါင်း ၃၂ ခန်းရှိပြီး ငွေကျပ်သိန်း ၁၁၀ ကုန်ကျကြောင်း သိရသည်။

"စောင်းတန်းတွေ ပြန်လည်တည်ဆောက်ခဲ့တာ ဒီဇင်ဘာ ၁၇ ရက်က စတင်ခဲ့တာပါ။ အစကတော့ ဆရာတော်ရဲ့ကျောင်းတိုက်မျက်နှာစာမှာရှိတဲ့ လှေခါးစောင်းတန်းလေးကိုပဲ ပြုပြင်ဖို့ လုပ်ခဲ့တာပါ။ ဘုရားစောင်းတန်းကြီးကလည်းလေဒဏ်မိုးဒဏ်ကြောင့်တိုင်လုံးတွေကလည်းဆွေးမြေ့နေသလို အမိုးသွပ်ပြားတွေကလည်း ပေါက်ပြဲဟောင်းနွမ်းနေပြီ။ ဒါယကာ၊ ဒါယိကာမတွေက တပည့်တော်တို့ ဝိုင်းဝန်းလှူဒါန်းပါ့မယ်။ ဆရာတော်ဦးစီးဆောင်ရွက်ပေးပါဆိုတာနဲ့ အခုလို အသစ်ပြန်လည်တည်ဆောက်လိုက်တာပါ။ အရင်တိုင်လုံးအဟောင်းတွေက ခြစားဆွေးမြေ့နေတော့ စောင်းတန်းက နိမ့်ဆင်းအုပ်မိုးနေတယ်။ ဒီတော့လေဝင်လေထွက်လည်း ကောင်းမွန်အောင်၊ အလင်းရောင်လည်းရအောင် စောင်းတန်းအမိုးကို မြှင့်ပြီးဆောက်ထားတယ်။ ဘုရားဖူးလာသူတွေလည်းအဆင်ပြေသွားတာပေါ့" ဟု မင်္ဂလာအုတ်ကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတက မိန့်ကြားတော်မူပါသည်။

ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားနှစ်ဆူသည် တန်ခိုးကြီးသမိုင်းဝင်ဘုရားများဖြစ်ပြီး ဧရာဝတီမြစ်ကမ်းနဖူးရှိ အရှေ့ဘက် နဂါးရာဇ်တောင်တော်ပေါ်တွင် ရွှေကြက်ကျစေတီတော်ကိုတည်ထားပြီး အနောက်ဘက် မန္တာဂီရိတောင်ပေါ်တွင် ရွှေကြက်ယက်စေတီတော်ကို တည်ထားရာ ဘုရားနှစ်ဆူတည်ရှိသည့် တောင်ကုန်းရင်ပြင်တော်များပေါ်သို့ မုခ်ဦးလှေခါးစောင်းတန်းများမှ တက်ရောက်ဖူးမြော်ကြရသည်။ ရှေးမြန်မာမင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့သည့် ဆုတောင်းပြည့် သမိုင်းဝင် တန်ခိုးကြီးဘုရားများဖြစ်ပြီး စစ်ကျင်းတောင်၏ ရှုခင်းများကို ကြည့်ရှုနိုင်သောကြောင့် ပြည်တွင်းပြည်ပ ဘုရားဖူးမြော်သူများနှင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

နန္ဒာမင်းလွင်

သတင်းတိုများ

ပျဉ်းကတိုးကုန်းကျေးရွာသားတစ်ဦး အလုပ်ခွင်တဲအတွင်းရှိနေစဉ် မိုးကြိုးထိမှန်

ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်း ကျေးရွာတွင် မေ ၁ ရက် ည ၇ နာရီခန့်က ကျောက်မိုင်းအလုပ်သမား ကိုကိုဝင်း၊ ဦးဆန်းဝင်းနှင့် ဒေါ်သန္တာအေးတို့ သုံးဦးသည် အလုပ်ခွင်ရှိတဲအတွင်းရှိနေစဉ် မိုးသက်လေပြင်းတိုက်ခတ်ပြီး မိုးကြိုးပစ်ရာ ကိုကိုဝင်းအား ထိမှန်ခဲ့ပြီး ညာဘက်လက်နှင့် ညာပေါင်တို့တွင် မီးလောင်ဒဏ်ရာများ ရရှိခဲ့၍ သိမ်ဇရပ်တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **သန်းသန်းမော်(ပြန်/ဆက်)**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

(၆၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုက်ထိုမြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ထွေးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၃ ရက် နံနက် ၇ နာရီက ကျိုက်ထိုမြို့ ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရားဝင်းရှိ သံသရာအေးမဟာဗောဓိဘုရားကုန်းတော်ပေါ်တွင် ပြည်သူ့အကျိုးပြု သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းသန်းမော်(ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

နတ်တလင်း၊ မေ ၅

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ တံခွန်တိုင်ကျေးရွာ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီခွဲက တံခွန်တိုင်ကျေးရွာ အမကစာသင်ကျောင်းတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် သာယာဝတီခရိုင်၊ သာယာဝတီမြို့ အမှတ်(၃) ရုံးအဖွဲ့ခွဲတပ်စုမှူးရုံး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်လှဇော်ဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အပြည်ပြည်ဆိုင်ရာ လူကုန်ကူးမှုဖြစ်စဉ်များကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူ ၁၇၅ ဦးအား ဗဟုသုတရစေရန် ပရိုဂျက်တာဖြင့် ပြသပြောကြားသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။

နတ်တလင်းမြို့ မြို့မရဲစခန်း ဒုရဲမှူး မျိုးညွန့်က မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောကြောင်း သိရသည်။ **(၀၇၁)**

[illegible]

ရန်ကုန်၊ မေ ၅

လက်ရှိမြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် နေ့စဉ်နှင့်အမျှဝင်ရောက်လာသော ပြည်ပနိုင်ငံသား ခရီးသွားဧည့်သည်များအား အဆင်ပြေစွာတည်းခိုနိုင်ရန် ရည်ရွယ်၍ ၂၀၁၄ ခုနှစ် ဧပြီထိ ဟိုတယ်နှင့် တည်းခိုရိပ်သာအလုံးပေါင်း ၉၈၁ လုံး၊ အခန်းပေါင်း ၃၇၄၈၂ ခန်းအား လုပ်ငန်းလိုင်စင်ချ၍လုပ်ကိုင်ခွင့်ပေးထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

"ဝန်ကြီးဌာနအနေနဲ့ ဟိုတယ်နဲ့ တည်းခိုရိပ်သာလုပ်ငန်း နှစ်ခုပေါင်းချပေးတဲ့အရေအတွက်ပါ။ ဒီလိုတည်းခိုရိပ်သာ၊ ဟိုတယ်တွေ တစ်လနဲ့တစ်လ များပြီးတိုးလာတာ နိုင်ငံခြားသားခရီးသည်တွေအတွက် လုံလောက်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။လုပ်ငန်းရှင်တွေကလည်း စိတ်ဝင်စားမှုရှိလာပြီး လုပ်ငန်းတွေ အပြိုင်တိုးချဲ့လာတာ တွေ့နေရပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံသို့ ပြည်ပမှဝင်ရောက်သည့် ဦးရေမှာ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄၄ သန်းထိ ရှိခဲ့ပြီး ယခုနှစ်ကုန်တွင် ပြည်ပဝင်ရောက်မှု သုံးသန်းထိ ခန့်မှန်းသောကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် အပတ်စဉ်ပြုလုပ်နေသော အလုပ်အမှုဆောင်အစည်းအဝေးတွင်လည်း ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်များအား သေချာစစ်ဆေး၍ အမြန်ဆုံး လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်များ ချပေးနေကြောင်းလည်း သိရသည်။

"ဟိုတယ်၊ တည်းခိုခန်းတွေများလာတော့ ပြည်ပဧည့်သည်တွေအတွက် အရမ်းကောင်းပါတယ်။ ဟိုတယ်တွေများလာရင် ပြိုင်ဆိုင်မှုဖြစ်လာပြီးတည်းခိုခတွေဈေးကျလာနိုင်သလို ဝန်ဆောင်မှုကောင်းအောင်ပါ လုပ်လာကြမှာဖြစ်လို့ ဧည့်သည်တွေအတွက် ပိုအဆင်ပြေလာမှာပါ။ ဒါပေမယ့်လည်း ဟိုတယ်တွေဆောက်ပြီး ဝန်ထမ်းတွေကို ဝန်ဆောင်မှုကောင်းအောင်ပါ လုပ်ငန်းရှင်တွေက ကြိုတင်ပြင်ဆင် လေ့ကျင့်ပေးသင့်ပါတယ်" ဟု မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းချိုက ပြောသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ပြေမှုရှိစေရန် ၂၀၁၂ ခုနှစ်တွင် ဟိုတယ်၊ တည်းခိုခန်း ၇၉၄ လုံး၊ ၂၀၁၃ ခုနှစ်တွင် ဟိုတယ်၊ တည်းခိုခန်း ၉၂၃ လုံး လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

စိုးအောင်ဖေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မန္တလေးအဝေးသင်တက္ကသိုလ်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့ကျွင်းအာစရောက်ပို့
095 095 095, 01-682944

CHAMPION SCHOOL
09 420 055111, 09 730 77711, 09 730 77722, 09 730 77744

ယာမင်းသူ
709255,0951 36421

အမည်ပြောင်း
PKG 0434040

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောင်းပါး

ယူတတ်လျှင်ရသည့်ကုသိုလ်

à tdonjfL(ynma&;)

ယနေ့မြန်မာနိုင်ငံ၏ အရပ်ဒေသ အသီးသီးတွင် နာရေးကူညီမှုအသင်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကို အထောက်အကူပြုသည့် ပရဟိတအသင်းအဖွဲ့များ ပေါ်ပေါက်လျက်ရှိသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ပေသည်။

စာရေးသူသည် ဂျာနယ်တစ်စောင်တွင် ရေးသားထားသည့် 'ဓမ္မဒါနကုသိုလ်ဖြစ် အနေးယာဉ်အခမဲ့ပို့ဆောင်ရေးအသင်း' အကြောင်းကို ဖတ်မိပါသည်။ တူညီဝတ်စုံများကို ဝတ်ဆင်ထားသည့် အနေးယာဉ်လုပ်သားများသည် သာသနာ့အလံငယ်လေးများ စိုက်ထူထားသည့် အနေးယာဉ်များဖြင့် တရားနာယူပြီး အိမ်ပြန်ကြသည့် တရားနာပရိသတ်များကို အိမ်တိုင်ရာရောက် ကုသိုလ်ယူပို့ဆောင်ပေးကြကြောင်းနှင့် ယခုအခါတွင် နေရာအတော်များများ၌ မြို့နယ်အလိုက် ဖွဲ့စည်းပြီးဖြစ်ကြောင်း ရေးသားထားသည့်သတင်းကြောင့် ဝမ်းမြောက်ဝမ်းသာသာဓုခေါ်မိပါသည်။

ထိုသတင်းကို ဖတ်ရှုရသောကြောင့် စာရေးသူတွေ့ကြုံခဲ့ဖူးသည့် အနေးယာဉ်လုပ်သားနှစ်ဦးကို သတိရမိပေသည်။ အနေးယာဉ်လုပ်သားတစ်ဦးသည် ကုသိုလ်မယူတတ်သူဖြစ်၍ ကျန်တစ်ဦးသည် ကုသိုလ်ယူတတ်သူဖြစ်ပါသည်။ ကုသိုလ်မယူတတ်သည့် အနေးယာဉ်လုပ်သားက စီးပွားရေးအဆင်မပြေ၍ အလှူဒါနမပြုလုပ်လိုကြောင်း စာရေးသူအား ပြောပြသည့်အတွက် ခရီးသွားလာစဉ် လမ်းခရီး၌ ရဟန်းသံဃာများ၊ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများနှင့် ဆင်းရဲဒုက္ခရောက်သူများတွေ့ရှိပါက ထိုပုဂ္ဂိုလ်တို့၏ လိုရာခရီးသို့ရောက်အောင် လုပ်အားဒါနပြု၍ ပို့ဆောင်ပေးခြင်းဖြင့် ကုသိုလ်ရယူနိုင်ကြောင်း အကြံဉာဏ်ပေးခဲ့ဖူးပါသည်။

ကုသိုလ်ယူတတ်သည့် အခြားတစ်ဦးမှာ ဒီဂရီမျက်မှန်အထူကြီးတပ်ထား၍ အများက 'ဦးမှန်ကြီး' ဟုခေါ်သည့် ရှုခင်းသာ၊ ငါးကွေ့တိုက်ခန်းအနီးမှ အနေးယာဉ်လုပ်သားကြီးပင် ဖြစ်ပါသည်။ ဦးမှန်ကြီးသည် ဆိုက်ကားလက်ကိုင်တန်းနှစ်ခုအလယ်တွင်ရှိသည့် ဘုရားပုံတော်ကို ပန်းများဝေဆာစွာဖြင့် လှူဒါန်းထားသည်။ ဆိုက်ကားတွင်တပ်ဆင်ထားသည့် ကက်ဆက်မှ ပျံ့လွင့်လာသည့် မေတ္တာသုတ်၊ ပဋ္ဌာန်းဒေသနာတော်၊ ပရိတ်တော်များနှင့် ဆရာတော်ကြီးများ၏ တရားဒေသနာများသည်လည်း ကြားနာရသူများကို နှလုံးစိတ်ဝမ်း ချမ်းမြေ့စေပါသည်။ ဦးမှန်ကြီးသည် ဝမ်းရေးအတွက် အလုပ်လုပ်ရင်း တရားအလှူပေးလှူလျက် ကုသိုလ်ယူနေခြင်းပင် ဖြစ်ပါသည်။ ကုသိုလ်ဆိုသည်မှာ ယူတတ်လျှင် ရပေသည်။

မြန်မာတို့၏ စေတနာ၊ သဒ္ဓါ ထက်သန်မှုကို နေရာအနှံ့အပြား၌ ကုသိုလ်ယူလှူဒါန်းထားသည့် ဘုရားပုထိုး၊ ကျောင်းကန်၊ စေတီများ၊ ဓမ္မာရုံများ၊ တရားရိပ်သာများ၊ ရေချမ်းစင်များ၊ နားခိုရာနေရာများနှင့် ဇရပ်များက သက်သေပြနေပေသည်။ ခရီးသွားစဉ် ခရီးသည်အချင်းချင်း ဖေးမကူညီပေးခြင်းဖြင့် ကုသိုလ်ရယူနိုင်သကဲ့သို့ အစားအစာများ စားသုံးရာတွင်လည်း စားသုံးနိုင်သည့် အဆင့်ရောက်သည်အထိ အဆင့်ဆင့် ဆောင်ရွက်ပေးသူများနှင့် ချက်ပြုတ်ကျွေးမွေးသူများကို မေတ္တာပို့ပြီး စားသုံးခြင်းဖြင့် ကုသိုလ်ရယူနိုင်ပေသည်။ ထို့အတူ လုပ်ငန်းခွင်အသီးသီး၌ တာဝန်ထမ်းဆောင်ရာတွင်လည်း အလုပ်သဘောအရမဟုတ်ဘဲ မေတ္တာ၊ စေတနာဖြည့်စွက်၍ တာဝန်များကို ထမ်းဆောင်ခြင်းဖြင့် ကုသိုလ်ရယူနိုင်ပေသည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရာတွင်လည်း မေတ္တာ၊ စေတနာ အဓိကထား၍ စီးပွားရှာလျှင် ကုသိုလ်ရသည့်အပြင် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာမည် ဖြစ်ပေသည်။

မေတ္တာရှင်(ရွှေပြည်သာ) ဆရာတော်၏ 'လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်' စာအုပ်ထဲတွင် "လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို မသိသော ပညာမဲ့သည် လူ့ဘဝကို ကာမဂုဏ်ခံစားဖို့အတွက် အသုံးချ၍ အပါယ်လေးပါးသို့သွားသည်။ လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကိုသိသော ပညာရှိသည် လူ့ဘဝကို ကုသိုလ်ရဖို့အတွက် အသုံးချ၍ နိဗ္ဗာန်သို့သွားသည်" ဟု ရေးသားထားသည်ကို စာရေးသူ ဖတ်ရှုခဲ့ဖူးပေသည်။

သို့ဖြစ်ပါ၍ လူဖြစ်ရကျိုးနပ်စေရန် ကောင်းမှုတစ်ခု နေ့စဉ်ပြုလျက် ကုသိုလ်ကောင်းမှုဖြင့် ဘဝကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

(မြန်မာနိုင်ငံ အရပ်ဒေသအသီးသီး၌ရှိသော စေတနာရှင် ပရဟိတအသင်းအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုပါသည်။)

သတင်းတို

သိက္ခာရှင်ဝတ်နှင့်ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့ မဟာတုလပစ္ဆိမာရုံဘုရားကြီးကျောင်းတိုက် ဆရာတော်အား အမှူးထား၍ ပင်မအလှူရှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့် မိသားစုမှလှူဒါန်း ကျင်းပပြုလုပ်သော ပထမအကြိမ် ရှင်သာမဏေ သိက္ခာရှင်ဝတ်နှင့် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းအား မဟာအတုလပစ္ဆိမာရုံကျောင်းတိုက်တွင် မေ ၁ ရက်မှ မေ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ရှင်သာမဏေ ၄၇ ပါး၊ သိက္ခာရှင်ဝတ် ၆၁ ပါး စုစုပေါင်း ၁၀၈ ပါးတို့အား နတ်တလင်းမြို့ ဗုဒ္ဓလမ်းစဉ်ဓမ္မသဘင် အကျိုးတော်ဆောင်အဖွဲ့ဝင် ၈၀ တို့မှ ကူညီပံ့ပိုးကြောင်း သိရှိရသည်။ **(ဝ၇၁)**

ကိုယ့်အားကိုယ်ကိုးစာသင်ကျောင်းများမှ ကျောင်းသား/ သူများ ပညာဆက်လက်သင်ကြားနိုင်ရေး အဆင့်မြှင့်တင် ဆောင်ရွက်မည်

ကလေး၊ မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာသင်ကျောင်းများမှ ကျောင်းသားကျောင်းသူများ ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် နိုင်ငံတော်မှ အဆင့်မြှင့်ဖွင့်လှစ်ခွင့်ပြုနိုင်ပါရန်နှင့် ကျောင်းဆောင်သစ် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးကို လွှတ်တော်တွင်တင်ပြခဲ့ရာ ကလေးမြို့နယ်အတွင်းရှိ ကျေးရွာ ၈ ရွာမှ စာသင်ကျောင်းများ အဆင့်မြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ ကျေးရွာတွေကိုဆင်းပြီး ပြည်သူတွေရဲ့လိုအပ်ချက်တွေကို မေးမြန်းတဲ့အခါ တချို့လူဦးရေနည်းပြီး ဖွံ့ဖြိုးမှုအားနည်းတဲ့ ကျေးရွာတွေက ကလေးတွေ မူလတန်းပညာကို မသင်မနေရဆိုသော်လည်း ကိုယ့်အားကိုယ်ကိုးကျောင်းတွေ ထူထောင်ပြီး သားသမီးတွေကို ပညာသင်ကြားပေးနေရပါတယ်။ ဒါကြောင့် မူလတန်းကျောင်းဖြစ်ဖြစ်၊ မူလတန်းကျောင်းခွဲဖြစ်ဖြစ် ရအောင်လုပ်ပေးပါဆိုလို့ ကျားမင်းကျေးရွာ၊ စက္ကန့်ကျေးရွာ၊ ကံအောင်ကျေးရွာ၊ ထောက်ကြန့်ရွာသစ်ကျေးရွာ၊ ရွှေပြည်သာရေနံမှော်(၁) နှင့် (၂)၊ အောင်သာယာကျေးရွာ၊ လေသာတောင် ရေနံမှော်ကျေးရွာတွေ လွှတ်တော်ကိုတင်ပြတဲ့အခါ ကျားမင်းကျေးရွာနှင့် စက္ကန့်ကိုယ့်အားကိုယ်ကိုးကျောင်းတွေကို အခြေခံပညာမူလတန်းကျောင်းအဆင့်နှင့် ကျန်ရှိသည့်ကျောင်းတွေကို အခြေခံပညာမူလတန်းကျောင်းခွဲအဆင့်ကို တိုးမြှင့်ပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောသည်။

ပညာရေးဝန်ကြီးဌာနမှ မူလတန်းအဆင့် ကျောင်းသား ၅၅ ဦးနှင့်အထက်ရှိသော အခြေခံပညာမူလတန်းကျောင်းခွဲ၊ တွဲဖက်မူလတန်းကျောင်းနှင့် ကိုယ့်အားကိုယ်ကိုးကျောင်းများကို အခြေခံပညာမူလတန်းကျောင်းအဖြစ်လည်းကောင်း၊ မူလတန်းအဆင့် ကျောင်းသား ၂၀ နှင့် ၅၄ ဦးအတွင်းရှိသော တွဲဖက်မူလတန်းကျောင်းနှင့် ကိုယ့်အားကိုယ်ကိုးကျောင်းများကို အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ်လည်းကောင်း၊ မူလတန်းအဆင့် ကျောင်းသား ၂၀ အောက်ရှိသော ကိုယ့်အားကိုယ်ကိုးကျောင်းများကို တွဲဖက်အခြေခံပညာမူလတန်းကျောင်းအဖြစ် အဆင့်တိုးဖွင့်ခွင့်ပြုရေး သတ်မှတ်ထားသည်။

"ပညာရေးအတွက် ကျောင်းတွေကို အဆင့်တိုးဖွင့်လှစ်တဲ့အခါမှာ လူဦးရေပြည့်မီမှုတစ်ခုတည်းကို ကြည့်လို့မရပါဘူး။ ကျောင်းသားတွေ ကျောင်းသွားတက်ရမယ့် ခရီးအကွာအဝေး၊ ချောင်းတွေ၊ မြစ်တွေခြားထားမှု၊ သွားလို့လာလို့ လွယ်ကူမှု စတာတွေကိုလည်း ကြည့်ရပါမယ်"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ဆက်လက်ပြောသည်။ **လင်းလက်ကြယ်စင်**

ဖျာပုံမြို့အလက(၂)ချောင်းကူးကွန်ကရစ်တံတားဖွင့်

ဖျာပုံ၊ မေ ၅

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့ရှိ အမှတ်(၁၉)ရပ်ကွက် အလက(၂) ချောင်းကူးကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၇ နာရီက အဆိုပါတံတားထိပ်တွင်ကျင်းပခဲ့သည်။

(၁၉)ရပ်ကွက် ရပ်မိရပ်ဖတစ်ဦးက "ကျွန်တော်တို့ (၁၉)ရပ်ကွက်က ဖျာပုံ-ကျုံကဒွန်းကားလမ်းမကြီးနှင့် ဆက်သွယ်ထားတဲ့ မြို့ပတ်လမ်းမကြီးဘေးမှာ ချောင်းခြားပြီးတည်ရှိနေတော့ ရပ်ကွက်ထဲကပြည်သူတွေ ဖျာပုံမြို့ထဲကို ခရီးသွားဖို့ ချောင်းကိုဖြတ်ရပါတယ်။ ယခု အလက(၂)ကျောင်းတည်ရှိရာ ဗိုလ်တိုက်ချွန်းလမ်းနှင့် မြို့ပတ်လမ်းဆက်သွယ်ရာ ချောင်းကူးကွန်ကရစ်တံတားက မရှိမဖြစ်တဲ့ တံတားတစ်စင်းပါ။ အရင်သစ်သားတံတားကို ပြင်ဖို့ကြိုးစားနေတာ အချိန်တော်တော်ကြာနေပါပြီ။ အဓိက ကျောင်းသား၊ ကျောင်းသူတွေနဲ့ ဆရာ၊ ဆရာမတွေက ဒီကွန်ကရစ်တံတားကို အသုံးပြုနိုင်ပြီဆိုတော့ စိတ်ချမ်းသာစွာ ကျောင်းဖွင့်ချိန်မှာ အသုံးပြုပြီး ကျောင်းတက်နိုင်ပြီး ရပ်ကွက်အတွင်းရှိ ပြည်သူတွေနဲ့ ခရီးသွားဧည့်သည်တွေ အဆင်ပြေပြီပေါ့ဗျာ"ဟု ပြောသည်။

